ကြေးမုံ
The Mirror
၁၃၆၇ ခုနှစ်၊ နယုန်လပြည့်ကျော် ၈ရက်၊ ဗုဒ္ဓဟူးနေ့၊ (29-6-2005) (၄၆၄၁)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- * နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- * အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- * ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- * ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- * စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- * ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- * ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- * နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- * တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- * အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- * မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- * တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော် အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ

နီပေါနိုင်ငံသံအမတ်ကြီး ခန့်အပ်လွှာပေးအပ်

ရန်ကုန် ဇွန် ၂၈

ပြည်ထောင်စု မြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ နီပေါနိုင်ငံ သံအမတ်ကြီးအဖြစ်ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော ဒုတိယဗိုလ်ချုပ်ကြီး(အငြိမ်းစား) ဗစ်ထရီ အက်စ်၊ ဂျေ၊ဘီ ရာနာသည် ယနေ့နံနက် ၁၀နာရီတွင် ကုန်းမြင့်သာရှိ ဧယျာသီရိဗိမာန်သို့ သွားရောက်၍ ၎င်း၏သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။

တက်ရောက်

အဆိုပါ သံအမတ်ခန့်အပ်လွှာ ပေးအပ်ပွဲအခမ်းအနားသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးကျော်သူနှင့် ဦးမောင်မြင့်၊ သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် သူရဦးအောင်ထက်တို့ တက်ရောက်ကြသည်။

(သတင်းစဉ်)



ပြည်ထောင်စု မြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ နီပေါနိုင်ငံ သံအမတ်ကြီးအဖြစ်ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော ဒုတိယဗိုလ်ချုပ်ကြီး (အငြိမ်းစား)ဗစ်ထရီ အက်စ်၊ ဂျေ၊ဘီ ရာနာ ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဧယျာသီရိဗိမာန်သို့ သွားရောက်၍ ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်စဉ်။
(သတင်းစဉ်)

ပြည်ထောင်စု မြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ နီပေါနိုင်ငံ သံအမတ်ကြီး ဒုတိယဗိုလ်ချုပ်ကြီး (အငြိမ်းစား) ဗစ်ထရီ အက်စ်၊ ဂျေ၊ဘီ ရာနာအား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဧယျာသီရိဗိမာန်၌ လက်ခံတွေ့ဆုံစဉ်။
(သတင်းစဉ်)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ
The Mirror

၂၉-၆-၂၀၀၅
(ဗုဒ္ဓဟူးနေ့)

အမျိုးသားရေး တာဝန်များကို တက်ကြွ၊ ကျေပွန်စွာ ထမ်းဆောင်

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ညီလာခံ(၂၀၀၅) ပထမနေ့ အစည်းအဝေးကို ဇွန်လ ၂၇ ရက်နေ့ နံနက်ပိုင်းက ရန်ကုန်တိုင်း၊ မရမ်းကုန်းမြို့နယ်ရှိ မြန်မာကွန်ဗင်းရှင်းစင်တာ၌ စတင်ကျင်းပရာ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီ ဥက္ကဋ္ဌ၊ အတွင်းရေးမှူး(၁)၊ စစ်ရေးချုပ် ဒုတိယ ဗိုလ်ချုပ်ကြီးသိန်းစိန်က အမှာစကားပြောကြားရာတွင် **“မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ အနေဖြင့် လူမှုရေးအသင်းအဖွဲ့ တစ်ရပ်အနေနှင့် သော်လည်းကောင်း၊ လက်ရှိမှာ နိုင်ငံတော်ကို တာဝန်ယူထားရသည့် တပ်မတော်၏ အရန်အင်အားစု တစ်ရပ်အဖြစ်နှင့် သော်လည်းကောင်း အခြားသော မိတ်ဖက်လူမှုရေးအသင်းအဖွဲ့များနှင့် လက်တွဲပူးပေါင်းလျက် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံတော် ကာကွယ်ရေးနှင့် လုံခြုံရေး၊ အမျိုးသားရေးတာဝန်များကို တက်တက်ကြွကြွ ကျေကျေပွန်ပွန် ထမ်းဆောင်သွားကြဖို့ တာဝန်ရှိကြောင်း”** ပြောကြားသည်။

ယနေ့အချိန်အခါတွင် နိုင်ငံတော်ကို အေးချမ်းသာယာပြီး ခေတ်မီ ဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်အဖြစ် ပေါ်ထွန်းလာစေရေးအတွက် နိုင်ငံတော်အစိုးရ၊ ပြည်သူနှင့်တပ်မတော် အင်အားသုံးရပ်၏ စွမ်းပကားကို ဟန်ချက်ညီညီ ပေါင်းစည်းအားပြု ကြိုးပမ်းဆောင်ရွက်နေသည်။

ပြည်သူများ၏အင်အားဟုဆိုရာတွင် စုစည်းထက်မြက်သည့် အမျိုးသားရေး စွမ်းအားစုများအဖြစ် ဖွဲ့စည်းထူထောင်ထားသော လူမှုရေးအသင်းအဖွဲ့များ၏ စွမ်းအားများသည် အဓိကအခန်းကဏ္ဍက ပါဝင်လျက်ရှိသည်။

လူမှုရေးအသင်းအဖွဲ့တစ်ရပ်ဖြစ်သည့် မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့သည် တပ်မတော်၏ဦးဆောင်မှုကို ခံယူကာ မိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းပြီး ပြည်သူနှင့်လက်တွဲလျက် နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းများတွင် ယုံကြည်ချက်၊ ခံယူချက်အပြည့်အဝဖြင့် ပါဝင်ထမ်းဆောင်နိုင်ရေး စည်းရုံးဆောင်ရွက်နေသည်။

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီ အနေဖြင့် လုပ်ငန်းကဏ္ဍကြီး ငါးရပ်ဖြစ်သည့် အမျိုးသားနိုင်ငံရေးကဏ္ဍ၊ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးကဏ္ဍ၊ စီးပွားရေးလုပ်ငန်းကဏ္ဍ၊ လူမှုရေးနှင့် သက်သာချောင်ချိရေးကဏ္ဍနှင့် ပြည်သူ့အကျိုးပြုလုပ်ငန်း ကဏ္ဍတို့တွင် တက်ကြွစွာအကောင်အထည်ဖော်လျက်ရှိသည်။

ယခုအခါတွင် ပြည်နယ်၊ တိုင်း စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့ ၁၉ ဖွဲ့၊ ခရိုင်စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့ ၆၅ ဖွဲ့၊ မြို့နယ်စစ်မှုထမ်းဟောင်း စည်းရုံးရေးကော်မတီ ၃၀၈ ဖွဲ့တို့ကို အဖွဲ့ဝင်အင်အား စုစုပေါင်း ၁၃၆၁၅၆ ဦးဖြင့် လက်ရှိဖွဲ့စည်းလုပ်ကိုင် ဆောင်ရွက်နေသည်။

မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့အနေဖြင့် ကိုယ်ပိုင်ဂုဏ်သိက္ခာ၊ ကိုယ်ပိုင်ဂုဏ်ဒြပ်နှင့် ပြည့်စုံပြီး ပြည်သူအများ အားထားယုံကြည် ကိုးစားရသည့် အဖွဲ့ဖြစ်အောင် ဆက်လက်ကြိုးပမ်းစွမ်းဆောင်ရင်း တပ်မတော်နှင့်ပြည်သူကို ပေါင်းကူးပေးရေးအတွက် ပြည်သူကိုအမြဲမပြတ် စည်းရုံးသွားကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့သည် စွမ်းဆောင်ရည်မြင့်မားသည့်အမျိုးသားရေး စွမ်းအားစုတစ်ရပ်အဖြစ် ခိုင်မြဲစွာရပ်တည်ပြီး လူမှုရေးအသင်းအဖွဲ့များ၊ ပြည်သူများနှင့် ပူးပေါင်းလက်တွဲလျက် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေး၊ အမျိုးသားနိုင်ငံရေး တာဝန်များကို မျိုးချစ်စိတ်၊ ပြည်ထောင်စုစိတ်ဓာတ် အရင်းခံဖြင့် အားကြိုးမာန်တက် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားကြမည်ဟု ကြေးမုံက ယုံကြည်ပါသည်။ ။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နွားထိုးကြီးမြို့နယ် မိသားစု စုပေါင်းဝါဆိုသင်္ကန်း ကပ်လှူပွဲကျင်းပမည်

ရန်ကုန် ဇွန် ၂၈

ရန်ကုန်မြို့ရှိ နွားထိုးကြီးမြို့နယ် မိသားစုများ၏ စုပေါင်းဝါဆိုသင်္ကန်း ကပ်လှူပွဲကို ဇူလိုင် ၂၃ ရက် (စနေနေ့) မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဗဟန်း(၃)လမ်းထိပ်ရှိသံယုတ်ကျောင်းတိုက်၌ ကျင်းပမည်ဖြစ်ရာ မြို့နယ်မိသားစုအားလုံး တက်ရောက်ကြရန်နှင့်ပါဝင်လှူဒါန်းလိုသူများသည် ဦးအောင်ကြည် ဖုန်း-၂၂၂၂၆၄၊ ဦးသန်း ဖုန်း-၅၄၅၇၈၁နှင့် ဦးအောင်ငွေ ဖုန်း-၂၅၃၉၆၀ တို့ထံ ဆက်သွယ်လှူဒါန်းနိုင်သည်။ (သတင်းစဉ်)

မြန်မာအမျိုးသမီးများနေ့ကိုကြိုဆို ဂုဏ်ပြုသောအားဖြင့် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ပြန်ကြားရေးရာဌာနကြီးကကြီးမှူးကျင်းပသော မြန်မာအမျိုးသမီးများနေ့ ဂုဏ်ပြု ဟောပြောပွဲတွင် စာရေးဆရာမ မစန္ဒာက “အဆိပ်” ခေါင်းစဉ်ဖြင့် ရှင်းလင်းဟောပြောစဉ်။(သတင်းစဉ်)

MWAF

မြန်မာအမျိုးသမီးများနေ့

၂၀၀၅ ခုနှစ်၊ ဇူလိုင်လ(၃)ရက်

အမျိုးသမီးဘဝဖွံ့ဖြိုးဖို့ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်စို့

မြန်မာအမျိုးသမီးများနေ့ ဂုဏ်ပြုဟောပြောပွဲကျင်းပ

ရန်ကုန် ဇွန် ၂၈

၂၀၀၅ ခုနှစ်ဇူလိုင်၃ရက်မြန်မာအမျိုးသမီးများနေ့ကိုဂုဏ်ပြုကြိုဆိုသောအားဖြင့် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ပြန်ကြားရေးရာဌာနကြီးက ကြီးမှူးကျင်းပသော မြန်မာအမျိုးသမီးများနေ့ ဂုဏ်ပြုဟောပြောပွဲကို ယနေ့နံနက် ၉နာရီခွဲတွင် ရန်ကုန်မြို့ လသာမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း မြညီလာခန်းမ၌ ကျင်းပသည်။

တက်ရောက်

အဆိုပါဟောပြောပွဲသို့ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်မျိုးမင်း၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ပြန်ကြားရေးရာဌာနကြီးမှူး ဒေါ်ကြည်ကြည်ဝင်း၊ အမှတ်(၃) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအေးကြူ၊ ဒုတိယဌာနကြီးမှူး ဒေါ်မြမြ၊ အတွင်းရေးမှူး ဒေါ်သန်းသန်းဝင်း၊ ဌာနကြီးမှူးအဖွဲ့ဝင်များ၊ လသာမြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များ၊ မြို့နယ်ပညာရေးမှူး၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်အုန်းမြင့်၊ ဆရာမများနှင့် ကျောင်းသူများ စုစုပေါင်းအင်အား ၁၀၀၀ ခန့် တက်ရောက်ကြသည်။

နှုတ်ခွန်းဆက်

ဟောပြောပွဲတွင် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်မျိုးမင်းက နှုတ်ခွန်းဆက် အမှာစကားပြောကြားသည်။ ဆက်လက်၍ အခမ်းအနားမှူး ပြန်ကြားရေးရာဌာနကြီး အတွင်းရေးမှူး ဒေါ်သန်းသန်းဝင်းက ဟောပြောမည့် စာရေးဆရာမ မစန္ဒာ၏ ကိုယ်ရေးအတ္ထုပ္ပတ္တိကို ရှင်းလင်းပြောကြားမိတ်ဆက်သည်။

ရှင်းလင်းဟောပြော

ယင်းနောက် စာရေးဆရာမ မစန္ဒာက “အဆိပ်” ခေါင်းစဉ်ဖြင့် ရှင်းလင်းဟောပြောသည်။ ထို့နောက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ပြန်ကြားရေးရာ ဒုတိယဌာနကြီးမှူးဒေါ်မြမြက ကျေးဇူးတင်စကားပြောကြားပြီးဟောပြောပွဲကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

မိုးကောင်းအသင်း(ရန်ကုန်) ဝါဆိုသင်္ကန်းကပ်လှူပွဲ

ရန်ကုန် ဇွန် ၂၈

မိုးကောင်းအသင်း(ရန်ကုန်) ပထမအကြိမ် ဝါဆိုသင်္ကန်းကပ်လှူပွဲကို ဇူလိုင် ၉ ရက် နံနက် ၉ နာရီတွင် ဒဂုံမြို့နယ် ရွှေတိဂုံဘုရားလမ်းရှိ ကျောက်စိမ်းတွင်းဓမ္မာရုံတွင် ကျင်းပမည်ဖြစ်ရာ ရန်ကုန်ရောက်မိုးကောင်းမြို့နယ်သူ၊မြို့နယ်သားများ၊အသင်းဝင်များအားလုံးမပျက်မကွက်တက်ရောက်ကြရန် ဖိတ်ကြားထားသည်။

မိုးကောင်းအသင်း (ရန်ကုန်)၏ နာယကဆရာတော်ကိုးပါးကိုနေ့ဆွမ်းဆက်ကပ်၍ ဝါဆိုသင်္ကန်း လှူဒါန်းနိုင်ရန် ဦးမောင်ကြီး ဖုန်း-၂၄၃၄၈၂၊ ဦးယုတင် ဖုန်း-၅၁၀၉၂၁၊ ဦးချစ်ဖေ ဖုန်း-၂၄၉၄၉၂၊ ဗိုလ်ကြီးခင်မောင်အေး ဖုန်း-၂၉၆၇၂၉၊ဦးချစ်မောင် ဖုန်း ၅၄၄၅၄၉၊ ဦးတင်မောင်အုန်း ဖုန်း-၅၃၉၂၈၇၊ဦးအောင်သိန်းဖုန်း-၃၈၃၉၄၆၊ ဦးထင်ဆိုက် ဖုန်း-၂၂၄၅၉၁၊ ဒေါ်ဆွေဆွေကြည် ဖုန်း-၇၂၆၇၉၂ တို့ထံ ဆက်သွယ်လှူဒါန်းနိုင်သည်။ (က-ပ)

တွေ့ဆုံမှာကြား

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ပုသိမ်ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးရုံးခန်းမ၌ ပုသိမ်ခရိုင်နှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနများမှ ခရိုင်နှင့် မြို့နယ်ဦးစီးအရာရှိများ၊ ဝန်ထမ်းများအား တွေ့ဆုံမှာကြားစဉ်။

(သတင်းစဉ်)

၂၀၀၅-၂၀၀၆ခုနှစ်အတွင်း ကျေးရွာအားလုံး၌ စာကြည့်တိုက်များ ဖွင့်လှစ်နိုင်ရေးကြိုးပမ်း ပြည်ပမှ ထုတ်လွှင့်သော မဟုတ်မမှန်သတင်းများကို အမှန်တရားဖြင့် တုံ့ပြန်ချေဖျက်

သတင်းမှန် ဖြစ်ရပ်မှန်များကို ပြည်သူအားလုံးသိရှိနိုင်ရန် ကြိုးပမ်းဆောင်ရွက်

ရန်ကုန် ဇွန် ၂၈

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ဇွန် ၂၆ရက်နှင့် ၂၇ရက်တို့တွင် ဧရာဝတီတိုင်းအတွင်းသို့သွားရောက်ပြီး ပြန်ကြားရေးလုပ်ငန်းများကို ကွင်းဆင်းကြည့်ရှု၍ လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့သည်။

ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ဇွန် ၂၆ရက် နံနက် ၉နာရီတွင် မအူပင်ခရိုင် ပန်းတနော်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူးရုံးသို့ ရောက်ရှိပြီး မအူပင်၊ ပန်းတနော်၊ ညောင်တုန်း၊ ဓနုဖြူမြို့နယ်တို့မှ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှူးများ၊ မအူပင်ခရိုင်နှင့် ပန်းတနော်မြို့နယ်တို့မှ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးမှူး၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူးနှင့် တာဝန်ရှိသူများအား တွေ့ဆုံပြီး လုပ်ငန်းဆိုင်ရာများဆွေးနွေးမှာကြားသည်။

ထပ်ဆင့်လွှင့်စက်ရုံ

ဆက်လက်၍ နံနက် ၁၀နာရီတွင် ကျောင်းကုန်းမြို့နယ် ဆပ်ကွင်းကျေးရွာရှိ ကျောင်းကုန်း မြန်မာ့ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံသို့ ရောက်ရှိ၍ ထပ်ဆင့်လွှင့်စက်ရုံနှင့် ဝန်ထမ်းအိမ်ရာတို့ကို ကြည့်ရှုစစ်ဆေးပြီး စက်ရုံခန်းမ၌ စက်ရုံမှူးနှင့် ဝန်ထမ်းများ၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှူးနှင့် ဝန်ထမ်းများ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းတို့မှ တာဝန်ရှိသူများအား တွေ့ဆုံကာ လုပ်ငန်းဆိုင်ရာများ ဆွေးနွေးမှာကြားသည်။

ထို့နောက် ဝန်ကြီးသည် မွန်းလွဲပိုင်းတွင် ပုသိမ်မြို့ရှိ ပုသိမ်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူးရုံးခန်းမ၌ ဧရာဝတီတိုင်း ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးအုန်းခိုင်နှင့် ပုသိမ်ခရိုင်နှင့် မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူးရုံးများမှ ဝန်ထမ်းများ၊ ပုသိမ်ခရိုင်မြန်မာ့ရုပ်ရှင်လုပ်ငန်းစုနှင့် မော်ကွန်းရုပ်ရှင်ပြသမှုဌာနစုတို့မှ ဝန်ထမ်းများ၊ ပုသိမ်မြို့ရှိ မြန်မာ့ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံမှ ဝန်ထမ်းများ၊ သာပေါင်းမြို့နယ်၊ ငပုတောမြို့နယ်၊ ရွှေသောင်ယံနှင့် ဟိုင်းကြီးကျွန်းတို့ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှူးရုံးများမှ ဦးစီးအရာရှိများအားတွေ့ဆုံပြီး လုပ်ငန်းဌာနအလိုက် တင်ပြချက်များအပေါ် ရှင်းလင်းဆွေးနွေးဖြည့်ဆည်းပေးကာ လုပ်ငန်းဆိုင်ရာ လိုအပ်ချက်များ မှာကြားသည်။



ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ကျောင်းကုန်း မြန်မာ့ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

ဟင်္သာတ

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ဇွန် ၂၇ရက် မွန်းလွဲပိုင်းတွင် ဟင်္သာတမြို့သို့ရောက်ရှိပြီး ဟင်္သာတခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှူးရုံးခန်းမ၌ ဟင်္သာတခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၊ ဟင်္သာတမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဟင်္သာတခရိုင်၊ မြန်အောင်မြို့နယ်၊ ကြံခင်းမြို့နယ်၊ ဇလွန်မြို့နယ်၊ လေးမျက်နှာမြို့နယ်နှင့် အင်္ဂပူမြို့နယ်တို့မှ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနအရာရှိများအား တွေ့ဆုံ၍ လုပ်ငန်းဆိုင်ရာများ ဆွေးနွေးမှာကြားသည်။

ဧရာဝတီတိုင်းအတွင်းရှိ မြို့နယ်များသို့သွားရောက်ပြီး ဝန်ထမ်းများအား တွေ့ဆုံမှာကြားရာတွင် ပြန်ကြားရေး ဝန်ကြီးဌာန ဝန်ကြီးက ၂၀၀၅-၂၀၀၆ ခုနှစ်အတွင်း ခရိုင်၊ မြို့နယ် အသီးသီးရှိ ကျေးရွာအားလုံး၌ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ဖွင့်လှစ်နိုင်ရန်အတွက် ဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများနှင့် ညှိနှိုင်းပူးပေါင်း၍ အစွမ်းကုန် ကြိုးပမ်းဆောင်ရွက်ရေး၊ စာကြည့်တိုက်များ ဖွင့်လှစ်ရာတွင် စေတနာရှင်ပြည်သူများ ပူးပေါင်းပါဝင် လှူဒါန်းနိုင်အောင် စည်းရုံးဆောင်ရွက်ရေး၊ စာကြည့်တိုက်များ ရေရှည်တည်တံ့ပြီး ပိုမိုဖွံ့ဖြိုးတိုးတက်လာရေးအတွက် စီမံချက်များ ရေးဆွဲ၍ စနစ်တကျဆောင်ရွက်ရေး၊ စာကြည့်တိုက်များတွင် စာဖတ်သူဦးရေ တိုးပွားလာအောင်၊ ဒေသခံပြည်သူများ စာပေဖတ်ရှုလေ့လာသည့် အလေ့အထပွားများ ထွန်းကားလာအောင် စည်းရုံးဆောင်ရွက်ရေး၊နိုင်ငံတော်ကဖော်ဆောင်ပေးနေသည့် တိုင်းကျိုးပြည်ပြုလုပ်ငန်းများနှင့် ဖွံ့ဖြိုးတိုးတက်မှုများကို ပြည်သူအားလုံး သိမြင်သဘောပေါက်ရေးအတွက် ကွင်းဆင်း ထိတွေ့ချပြဆောင်ရွက်ရေး၊ ပြည်ပမှ ထုတ်လွှင့်သော မဟုတ်မမှန် သတင်းများကို အမှန်တရားဖြင့် တုံ့ပြန်ချေဖျက်ရေး၊ သတင်းမှန် ဖြစ်ရပ်မှန်များကို ပြည်သူအားလုံး သိရှိနိုင်ရန်အတွက် ကျေးရွာတိုင်းတွင် တီဗွီတစ်လုံးစီရှိရေးနှင့် အိမ်တိုင်းရေဒီယိုတစ်လုံးစီရှိရေးဆိုသည့် ရည်မှန်းချက်တာဝန် အောင်မြင်အောင် ကြိုးပမ်းဖော်ဆောင်ရေး၊ နံရံကပ်စာစောင်များတွင် အများပြည်သူ ဗဟုသုတရဖွယ်များ၊ သိသင့်သိထိုက်သော သတင်းထုတ်ပြန်မှုများ၊ ဆောင်းပါးများ ဝေဝေဆာဆာဖြင့် အပတ်စဉ်၊ လစဉ် လဲလှယ်ဆောင်ရွက်ရေး ဆွေးနွေးမှာကြားခဲ့သည်။

ထုတ်လွှင့်

အလားတူ မြန်မာ့ရုပ်မြင်သံကြား ထပ်ဆင့်လွှင့် စက်ရုံများအနေဖြင့် ဧရာဝတီတိုင်းအတွင်းရှိ မြို့နယ် ၁၃ မြို့နယ်လုံး ထုတ်လွှင့်ချိန်အပြည့် ကြည်လင်ပြတ်သားစွာ ဖမ်းယူကြည့်ရှုနိုင်အောင် ထုတ်လွှင့်ပေးရေး၊စက်ပစ္စည်းများ ရေရှည်အသုံးပြုနိုင်ရေးအတွက် နေ့စဉ်၊ အပတ်စဉ်၊ လစဉ် စက်ကြံ့ခိုင်ရေးပြုလုပ်ရေး၊ စက်ရုံဝန်ထမ်းများ စက်ပစ္စည်း ကိုင်တွယ်သုံးစွဲရာတွင် ကျွမ်းကျင်မှုရရှိရေးအတွက် အစဉ်လေ့ကျင့်ပေးရေး၊ စက်ရုံလုံခြုံရေးနှင့် မီးဘေးအန္တရာယ် ကာကွယ်ရေးအတွက် စီမံချက်ရေးဆွဲဆောင်ရွက်ရေး၊ ဝန်ထမ်းသက်သာချောင်ချိရေးအတွက် မိမိဌာနပိုင်မြေများတွင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ လုပ်ဆောင်ရေး ဆွေးနွေးမှာကြားခဲ့သည်။

ထို့အတူ မော်ကွန်းရုပ်ရှင်အနေဖြင့် သတင်းကားများနှင့် ထိရောက်မှုရှိသော ပညာပေးဇာတ်ကားများ ပြသနိုင်ရေး အတွက် စီမံဆောင်ရွက်ရေး၊ ဖလင်များ စနစ်တကျထားသိုရေး၊ ရုပ်ရှင်ပြစက်များကို စနစ်တကျ ကိုင်တွယ်ထိန်းသိမ်းရေး၊ ဌာနဆိုင်ရာရုံးဝန်ထမ်းများအားလုံး လုံခြုံရေးအသိ၊ လုံခြုံရေးသတိ ရှိစေရေး အတွက် ဆွေးနွေးပညာပေးရန်နှင့် ရုံးများတွင်လုံခြုံရေးစီမံချက်များရေးဆွဲပြီး အထူးဂရုပြုဆောင်ရွက်ကြရေးတို့ကို မှာကြားခဲ့သည်။ (သတင်းစဉ်)

စစ်မှုထမ်းဟောင်း ညီလာခံကိုယ်စားလှယ်များအား နှလုံးလှလူမိုက် ရုပ်ရှင်ဇာတ်ကားဖြင့် ပြသဖျော်ဖြေ

ရန်ကုန် ဇွန် ၂၈

မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ညီလာခံ(၂၀၀၅) ညစာခံကျွေးမွေးရေး၊ သက်သာချောင်ချိရေး၊ ဖျော်ဖြေရေးနှင့် လေ့လာရေးဆပ်ကော်မတီ၏ စီစဉ်မှုဖြင့် ပြည်နယ်နှင့် တိုင်းများမှ တက်ရောက်လာကြသည့် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ညီလာခံ(၂၀၀၅)မှ ညီလာခံကိုယ်စားလှယ်များအား ယနေ့ည ၇နာရီတွင် ဒါရိုက်တာမောင်တင်ဦး ရိုက်ကူးပြီး နေအောင်၊ မင်းမော်ကွန်း၊ မေသဥ္ဇာဦးနှင့် ခိုင်သင်းကြည်တို့ ခေါင်းဆောင်ပါဝင်သည့် "နှလုံးလှလူမိုက်" ရုပ်ရှင်ဇာတ်ကားဖြင့် ပြသဖျော်ဖြေရာ ညီလာခံကိုယ်စားလှယ်များ ကြည့်ရှုအားပေးကြသည်။ (သတင်းစဉ်)

ဝါဆိုသင်္ကန်းကပ်လှူမည်

ရန်ကုန် ဇွန် ၂၈

ဟင်္သာတအသင်း၏(၁၄)ကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပွဲကို ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် (၄၅)လမ်း အမှတ်(၁၈၄/၁၈၆)ရှိ အသင်းတိုက်တွင် ဇူလိုင် ၁၇ရက် နံနက်၈နာရီ၌ ကျင်းပမည်ဖြစ်ရာ ဟင်္သာတအသင်းဝင် အသင်းသူ၊ အသင်းသားများ ကြွရောက်ကြည်ညိုလှူဒါန်းကြရန်နှင့် ကြိုတင်လှူဒါန်းလိုသူများသည် ဦးမျိုးဆွေ ဖုန်း-၅၈၄၇၃၄၊ ဦးတင်ရှိန် ဖုန်း-၂၂၀၇၈၄၊ ဦးသန်းဦး ဖုန်း-၂၉၄၄၉၈၊၂၅၃၁၁၀၊ ဦးလှကြည် ဖုန်း-၅၃၄၅၄၈၊ ဒေါ်ညွန့်ညွန့် ဖုန်း-၅၄၅၃၉၅တို့ထံဆက်သွယ်လှူဒါန်းကြရန် နှိုးဆော်ထားကြောင်း သိရသည်။ (က-ပ)

အာရှသတင်းကွန်ရက် ညီလာခံ ပေကျင်း၌ကျင်းပ

ပေကျင်း ဇွန် ၂၈

အာရှသတင်းကွန်ရက်၏ နှစ်ပတ်လည်ညီလာခံကို တရုတ်နိုင်ငံမြို့တော်ပေကျင်းတွင် သောကြာနေ့က ဖွင့်လှစ်လိုက်သည်။ အာရှသတင်းကွန်ရက်၏ ယခုနှစ် ညီလာခံတွင် နိုင်ငံရေး၊ စီးပွားရေးနှင့်သတင်းစာဖတ် ပရိသတ်အခြေအနေတို့နှင့်ပတ်သက်၍ ဆွေးနွေးရန်စီစဉ်ထားပြီး ဒေသဆိုင်ရာနိုင်ငံများ၏ စီးပွားရေး ပေါင်းစည်းလုပ်ကိုင်မှု၊ ဈေးကွက်ဖွင့်ပေးမှု၊ အင်တာနက်၏အကျိုးသက်ရောက်မှုနှင့် တရုတ်နိုင်ငံ၏ မီဒီယာလုပ်ငန်းများကို စီးပွားရေးဆန်ဆန် လုပ်ကိုင်စေမှု စသည့်အကြောင်းရင်းများနှင့် ပတ်သက်၍လည်း နှီးနှောဖလှယ်ကြမည်ဖြစ်သည်။

အာရှသတင်းကွန်ရက်၏ ညီလာခံသို့ အာရှနိုင်ငံများမှ သတင်းစာ စာတည်းများနှင့် အမှုဆောင်အရာရှိများ စုစုပေါင်း ၃၀ ကျော်တက်ရောက်ကြပြီး ချိုင်းနားဒေးလီးသတင်းစာက အိမ်ရှင်အဖြစ်လက်ခံကျင်းပသည်။ အဆိုပါ သတင်းစာ၏ စာတည်းမှူးချုပ်ကျူလင်းမှာ အာရှသတင်းကွန်ရက်၏ ဥက္ကဋ္ဌ တာဝန်ကို ယခုနှစ်တွင်ရယူသည်။

ကျင်းပရန်စီစဉ်

တရုတ်နိုင်ငံ၏စီးပွားရေးတိုးတက်လာမှုကို ဒေသဆိုင်ရာ နိုင်ငံများ၏ စီးပွားရေးအပေါ် အကျိုးသက်ရောက်ပုံနှင့် တရုတ်နိုင်ငံ၏ အနာဂတ်စီးပွားရေး ဘဝဟူသော အကြောင်းရပ်နှစ်ခုနှင့် ပတ်သက်၍လည်း ဆွေးနွေးရန် စီစဉ်ထားသည်။ ဆွေးနွေးပွဲသုံးကြိမ်နှင့် ချိုင်းနားဒေးလီးသတင်းစာ၏ အမှုဆောင်များ စားပွဲဝိုင်းဆွေးနွေးပွဲများ ပြုလုပ်ရန်ဖြစ်သည်။ အမှုဆောင်များ၏စားပွဲဝိုင်း ဆွေးနွေးပွဲများသို့ အမှုဆောင်အရာရှိများနှင့် အစိုးရတာဝန်ရှိသူများ တက်ရောက်မည်ဖြစ်ပြီး ဟောင်ကောင်၊ ရှန်ဟိုင်းနှင့်ပေကျင်းတို့တွင် ကျင်းပရန်စီစဉ်ထားသည်။

ပါဝင်

အာရှသတင်းကွန်ရက်သည် အာရှနိုင်ငံများရှိ သတင်းစာများဖြင့် ဖွဲ့စည်းထားသည့်အုပ်စုဖြစ်ပြီး ဘင်္ဂလားဒေ့ရှ်၊ တရုတ်၊ အိန္ဒိယ၊ အင်ဒိုနီးရှား၊ ဂျပန်၊ မလေးရှား၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ တောင်ကိုရီးယား၊ သီရိလင်္ကာ၊ ထိုင်းနှင့်ဗီယက်နမ်နိုင်ငံတို့မှ သတင်းစာတိုက်များ ပါဝင်သည်။

အမ်အင်အေ၊ဆင်ဟွာ။



တရုတ်နိုင်ငံ ဘိုဟိုင်းပင်လယ်အော်တွင် တည်ရှိသည့် တရုတ်အမျိုးသား ကမ်းလွန်ရေနံ တူးဖော်ရေးကော်ပိုရေးရှင်း၏ ရေနံတူးစင်ကို ဇွန် ၂၇ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)

ကမ္ဘောဒီးယား၌ လေထုညစ်ညမ်းမှုကာကွယ်ရန်စီစဉ် ကမ္ဘာလှည့်များအတွက် ဘက်ထရီသုံးစက်ဘီးငှားရမ်းမည်

ဖနောင်ပင် ဇွန် ၂၇

ကမ္ဘာလှည့်ခရီးသည်များ အဝင်အထွက်များသော နေရာများတွင် မော်တော်ယာဉ်များမှ ထွက်သော ပတ်ဝန်းကျင်ညစ်ညမ်းစေသည့် အခိုးအငွေ့များ လျော့နည်းသွားမည့် လုပ်ဆောင်မှုမျိုးကို မကြာမီ ကျင့်သုံးရန်ရှိသည်။ ထိုအစီအစဉ်ကြောင့် ရှေးဟောင်း အန်ကောဝပ်ကျောင်းတော်တည်ရှိရာ ဒေသဝန်းကျင်တွင် မကြာမီအချိန်၌ ဘက်ထရီအားသုံးစက်ဘီးများကို ငှားရမ်းအသုံးပြုစေမည်ဖြစ်ကြောင်း ကမ္ဘောဒီးယားအာဏာပိုင်များထံမှ သတင်းကို ကိုးကား၍ ကမ္ဘောဒီးယားနေ့စဉ်သတင်းစာက ဖော်ပြခဲ့သည်။

စီစဉ်

တရုတ်နိုင်ငံလုပ် ဘက်ထရီအားသုံး စက်ဘီးအစီး ၃၀၀ ကို အန်ကောဝပ်ဝန်းကျင်ဒေသတွင်ထားရှိရန် စီစဉ်လျက်ရှိသည်။ ယင်းစက်ဘီး တစ်စီးကို တစ်ရက်လျှင် အမေရိကန်ဒေါ်လာ သုံးဒေါ်လာခွဲနှုန်းဖြင့် ငှားရမ်းပေးမည်ဖြစ်ကြောင်း သိရသည်။ ထိုအစီအစဉ်ကြောင့် လက်ရှိ ယာဉ်အသုံးပြုသူများအနေဖြင့် ထိခိုက်စေမည် မဟုတ်ဘဲ ရှိပြီးသားယာဉ်များကိုလည်း ဆက်လက်အသုံးပြုခွင့်ပေးထားမည်ဖြစ်ကြောင်း ကမ္ဘောဒီးယား အရာရှိ တက်ဟင်က ပြောကြားသည်။

စိုးရိမ်

ထိုအစီအစဉ်ကို ခရီးသွားလုပ်ငန်း အေဂျင်စီများက ကြိုဆိုလက်ခံကြသည်ဆိုသော်လည်း မော်တော်ဆိုင်ကယ်အငှားလုပ်ငန်းလုပ်သူများက ၎င်းတို့ အလုပ်လက်မဲ့ဘဝသို့ ရောက်ရှိမည်ကို စိုးရိမ်သဖြင့် လိုက်လိုက်လှဲလှဲ မရှိကြကြောင်း သိရသည်။

အန်ကောဝပ် ရှေးဟောင်းဘုရားကျောင်းကြီးမှာ အေဒီ ၉ ရာစုမှ ၁၄ ရာစုကာလအတွင်း ထွန်းကားခဲ့သော ရှေးဟောင်း ဗိသုကာလက်ရာတစ်ခုဖြစ်ပြီး ကမ္ဘာလှည့်ခရီးသွားများအကြား ထင်ရှားလူသိများသော အဆောက်အအုံတစ်ခု ဖြစ်သည်။

ခန့်မှန်း

မကြာမီနှစ်များအတွင်းက ကမ္ဘောဒီးယားတွင် ခရီးသွားလုပ်ငန်းသည် တိုးတက်လာခဲ့သည်။ ၂၀၀၄ ခုနှစ်က ကမ္ဘာလှည့်ခရီးသည် တစ်သန်းကျော်အထိ လာရောက်လည်ပတ်ခဲ့ကြသည်။ ထိုခရီးသွားလုပ်ငန်းသည် ဆက်လက်တိုးတက်လာရန်ရှိပြီး ၂၀၀၆ ခုနှစ်တွင် ကမ္ဘောဒီးယားသို့ ကမ္ဘာလှည့်ခရီးသည် ၁ ဒသမ ၅ သန်း လာရောက်မည်ဟု ခရီးသွားလုပ်ငန်းဝန်ကြီးဌာနက ခန့်မှန်းထားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

အာချေးနှင့်နီယက်ပြည်နယ် ပြန်လည်တည်ဆောက်ရေး အလှူရှင်များအဖွဲ့က ငွေကြေးထောက်ပံ့ မ , တည်ပေးမည်

ဂျကာတာ ဇွန် ၂၈

ကမ္ဘာ့ဘဏ်က အင်ဒိုနီးရှားနိုင်ငံ အာချေးပြည်နယ်နှင့်မြောက်ဆုမတြားကျွန်းမှ နီယက်ပြည်နယ်တွင် ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများအတွက် အမေရိကန်ဒေါ်လာသန်း ၅၀၀ ကောက်ခံရရှိခဲ့ကြောင်း အင်တာရာသတင်းဌာနက တနင်္လာနေ့တွင် ဖော်ပြသည်။

ပြည်နယ်နှစ်ခုမှ ယင်းစီမံကိန်းများအတွက် အလှူရှင်များအဖွဲ့က ငွေကြေးထောက်ပံ့ မတည်ပေးမည်ဖြစ်ပြီး အလှူပေးနိုင်ငံများမှ ထည့်ဝင်သည့် အမေရိကန်ဒေါ်လာ သန်း ၅၀၀ ကို ကောက်ခံရရှိခဲ့ခြင်း ဖြစ်သည်ဟု အရှေ့ဖျားဒေသနှင့် အာရှ–ပစိဖိတ်ဒေသဆိုင်ရာ ကမ္ဘာ့ဘဏ်မှ အငယ်တန်း ညွှန်ကြားရေးမှူးကက်ဆမ်အား ကိုးကား၍ အဆိုပါသတင်းဌာနက ဖော်ပြသည်။

အလှူရှင်များအဖွဲ့က ပထမဆုံးအကြိမ်အဖြစ် လှူဒါန်းသည့် ဒေါ်လာ ၂၈ သန်းကို လယ်ယာမြေ ပြန်လည်တည်ထောင်ရေး စီမံကိန်းအတွက် မတည်ပေးမည်ဖြစ်ပြီး ယင်းအကူအညီပေးရေး သဘောတူညီချက်ကို မကြာမီက လက်မှတ်ရေးထိုးခဲ့သည်ဟု ကက်ဆမ်က ပြောကြားသည်။

လှူဒါန်းရန်တာဝန်ယူမှုကို အတည်ပြုပြောကြားခဲ့သည့် အခြားအလှူရှင်နိုင်ငံများမှာ ဥရောပနိုင်ငံများ၊ နယ်သာလန်၊ နော်ဝေ၊ ဆွီဒင်၊ အာရှဖွံ့ဖြိုးမှုဘဏ်၊ ကနေဒါ၊ နယူးဇီလန်နှင့်ဗြိတိန်တို့ ဖြစ်သည်ဟု ၎င်းကဆက်လက်ပြောကြားသည်။

အာချေးနှင့် နီယက်ပြည်နယ်တို့သည် လွန်ခဲ့သည့်နှစ် ဒီဇင်ဘာ ၂၆ ရက်က ကျရောက်ခဲ့သည့် ဆူနာမီဒီလှိုင်းဒဏ်ကြောင့် ပျက်စီးခဲ့ရသည့် ပြည်နယ်များဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ။

မြေထဲပင်လယ်ဒေသ၏ စွမ်းအင်အချက်အချာဒေသ ဂရိဖြစ်လာမည်ဟုဆို

အေသင် ဇွန် ၂၇

မြေထဲပင်လယ်ဒေသရှိ နိုင်ငံတစ်နိုင်ငံဖြစ်သော ဂရိနိုင်ငံသည် မဝေးသော အနာဂတ်ကာလတွင် ဒေသဆိုင်ရာ စွမ်းအင်အချက်အချာဒေသ ဖြစ်လာမည်ဖြစ်ကြောင်း၊ လာမည့်လ၏ လဆန်းပိုင်းမှစ၍ ဂရိနှင့်တူရကီ ဆက်သွယ်သော သဘာဝဓာတ်ငွေ့ ပိုက်လိုင်း တည်ဆောက်မှုစတင်ရန် ဂရိအစိုးရက ထုတ်ပြန်ကြေညာလိုက်ကြောင်း တာဝန်ရှိသူတစ်ဦးက စနေနေ့တွင် ပြောကြားသည်။

ဂရိနှင့်အီတလီနိုင်ငံတို့ကို သွယ်တန်းသော ပင်လယ်ရေအောက် သဘာဝဓာတ်ငွေ့ပိုက်လိုင်း တည်ဆောက်ရေးတွင် နိုင်ငံရေးအသိစိတ်ဓာတ်ရှိရှိဖြင့် ဆောင်ရွက်ရန် ဖော်ပြသည့် သဘောတူညီချက်တစ်ရပ်ကို ဂရိဖွံ့ဖြိုးရေးဝန်ကြီး ဆိုင်ယူဖက်စ်နှင့် အီတလီထုတ်လုပ်ရေး လုပ်ငန်းများဝန်ကြီး ကလောဒီယိုစကာရိုလာတို့က စနေနေ့ အစောပိုင်းတွင် လက်မှတ်ရေးထိုးခဲ့ကြသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

မူးယစ်ဆေးဝါး တိုက်ဖျက်ရေး မဟာဗျူဟာ နီပေါအစိုးရ ချမှတ်ဆောင်ရွက်

ခတ္တမန္ဒူ ဇွန် ၂၇

နီပေါအစိုးရသည် မူးယစ်ဆေးဝါး တရားမဝင်ရောင်းဝယ်မှုကို ထိန်းချုပ်နိုင်ရန် အမျိုးသားမဟာဗျူဟာ တစ်ရပ် ချမှတ် လိုက်ပြီဖြစ်ကြောင်း အဆင့်မြင့်တာဝန်ရှိသူတစ်ဦးက တနင်္လာနေ့တွင် ပြောကြားသည်။

တာဝန်ယူ

လူ့ဘောင်အဖွဲ့အစည်းကို မူးယစ်ဆေးဝါးအလွဲသုံးမှု အန္တရာယ်မှ ကာကွယ်ပေးရေးမှာ မိမိတို့၏ စုပေါင်းတာဝန်ယူရေးပင် ဖြစ်ကြောင်း အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အခမ်းအနားတွင် ပြည်ထဲရေးဝန်ကြီး ဒန်ဘဟာဒူးရာဟီက ပြောကြားသည်။

စိုးရိမ်

မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှုတွင် လူငယ်အချို့ ပါဝင်ပတ်သက်မှုရှိနေသည်မှာ စိုးရိမ်ဖွယ် ကိစ္စတစ်ရပ်ဖြစ်ကြောင်း ရာဟီက ပြောကြားသည်။

ကျင်းပ

တန်ဖိုးရှိလှ လူငယ်ဘဝ၊ မူးယစ်ကင်းစင်ကျန်းမာမှု ဟူသော ဆောင်ပုဒ်အရ ပညာပေးအစီအစဉ်အမျိုးမျိုးဖြင့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အခမ်းအနားကို နီပေါနိုင်ငံတွင် ကျင်းပသည်။

၂၀၀၅ ခုနှစ် မူးယစ်ဆေးဝါး ပပျောက်ရေးလုပ်ငန်းစဉ်၏ ဦးတည်ချက်မှာ လူငယ်များ မူးယစ်ဆေးဝါး သုံးစွဲမှု ကင်းစင်ရေးပင်ဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ။

ဗီယက်နမ်နိုင်ငံ ပြည်ပပို့ကုန်မြင့်တက်

ဟန္နွိုင်း ဇွန် ၂၇

ဗီယက်နမ်နိုင်ငံ၏ ပြည်ပပို့ကုန် ပမာဏမှာ ယခုနှစ်ပထမနှစ်ဝက်ကာလတွင် အမေရိကန်ဒေါ်လာ ၁၄ ဒသမ ၄ ဘီလီယံကျော် ရှိပြီး နှစ်အလိုက် တိုးတက်နှုန်းမှာ ၁၇ ဒသမ ၄ ရာခိုင်နှုန်းရှိမည်ဟု ခန့်မှန်းထားသည်။

ပို့ကုန်တန်ဖိုး မြှင့်တင်ပေးသည့် ကုန်ပစ္စည်းများအနက် သစ်သားထည်ပစ္စည်းများက ၄၉ ဒသမ ၄ ရာခိုင်နှုန်း၊ သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်များက ၄၃ ဒသမ ၂ ရာခိုင်နှုန်းနှင့် ဆန်စပါးက ၁၀ ဒသမ ၅ ရာခိုင်နှုန်း အသီးသီးမြင့်တက်ခဲ့ကြောင်း ကုန်သွယ်ရေး ဝန်ကြီးဌာနက သောကြာနေ့တွင် ကြေညာသည်။

အဆိုပါကာလတွင် ဗီယက်နမ်နိုင်ငံအတွက် ဝင်ငွေအများဆုံး ရှာပေးသော ပို့ကုန်လေးမျိုးမှာ ရေနံစိမ်း၊ အထည်အလိပ်၊ ဖိနပ်နှင့် ပင်လယ်ထွက် အစားအစာတို့ဖြစ်ကြသည်။ ယင်းပစ္စည်းများ၏ ပို့ကုန်ပမာဏမှာ ၃၅ ဒသမ ၁ ရာခိုင်နှုန်း၊ သုည ဒသမ ၁ ရာခိုင်နှုန်း၊ ၂ ဒသမ ၉ ရာခိုင်နှုန်းနှင့် ၅ ရာခိုင်နှုန်း အသီးသီး မြင့်တက်ခဲ့သည်။

ဗီယက်နမ်နိုင်ငံသည် ဒေါ်လာသန်း ၃၀၀ တန်ဖိုးရှိ ကျောက်မီးသွေး တန်ချိန် ၈ ဒသမ ၂ သန်းနီးပါးကို တင်ပို့နိုင်ခဲ့သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

မိုဇမ်ဘစ်နိုင်ငံတွင် ပြည်တွင်းစစ် ကာလအတွင်း ကျန်ရှိခဲ့သော မြေမြှုပ်မိုင်း ဗုံးဟောင်းများအား လုံခြုံရေး တပ်ဖွဲ့ဝင်များက လေ့ကျင့်ပေးထားသော ကြွက်ကို အသုံးပြု၍ ရှင်းလင်းရှာဖွေနေသည်ကို ဇွန် ၂၇ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)

သင်တန်းဖွင့် အမှာစကား

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးဖွင့်လှစ်သော အခြေခံသတင်းစာပညာ သင်တန်း အမှတ်စဉ်(၁) ဖွင့်ပွဲအခမ်းအနားတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်း အထွေထွေအတွင်းရေးမှူး၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး သင်တန်းဖွင့် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

ယနေ့ခေတ် မီဒီယာထိုးစစ်များကို ဘက်ပေါင်းစုံတန်ပြန်ထိုးစစ်ဆင်နိုင်ရေးအတွက် အသင်းကြီး၏ သတင်းနှင့်ပြန်ကြားရေးလုပ်ငန်းများကို စနစ်တကျခိုင်ခိုင်မာမာထူထောင် အသင်းဝင်များအတွင်းနှင့် တိုင်းရင်းသားပြည်သူများအတွင်း ထိရောက်ကျယ်ပြန့်စွာဆောင်ရွက်

ရန်ကုန် ဇွန် ၂၈

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဌာနချုပ်က ကြီးမှူးဖွင့်လှစ်သော အခြေခံသတင်းစာပညာသင်တန်း အမှတ်စဉ်(၁) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် တက္ကသိုလ်ရိပ်သာလမ်းသစ်ရှိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဌာနချုပ်ခန်းမဆောင်၌ကျင်းပရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး တက်ရောက်၍ သင်တန်းဖွင့် အမှာစကားပြောကြားသည်။

အဆိုပါ အခြေခံသတင်းစာပညာသင်တန်း ဖွင့်ပွဲအခမ်းအနားသို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးများနှင့် ဗဟိုအလုပ်အမှုဆောင်များ၊ သင်တန်းနည်းပြများ၊ အသင်းဌာနချုပ်မှ တာဝန်ရှိသူများ၊ ဒေသရေးရာညှိနှိုင်းရေးမှူးများ၊ သင်တန်းသား သင်တန်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရေရှည်အကျိုးစီးပွား

ရှေးဦးစွာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးက သင်တန်းဖွင့် အမှာစကားပြောကြားရာတွင် မိမိတို့အသင်းကြီး၏ ပြည်ထောင်စုမပြိုကွဲရေး၊တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ နိုင်ငံတော်အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး၊ အမျိုးဂုဏ်ဇာတိဂုဏ်မြင့်မားရေး ရှေးရှုလျက် မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်စေရန် ဆောင်ရွက်ရေး၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် အေးချမ်းသာယာသော ခေတ်မီနိုင်ငံတော်ကြီးဖြစ်ပေါ်လာရေးဆိုသည့် မွန်မြတ်မှန်ကန်လှသော ရည်ရွယ်ချက်များသည် အသင်းကြီးအတွက်သာမက နိုင်ငံတော်နှင့် တိုင်းရင်းသားလူမျိုးများ၏ ရေရှည်အကျိုးစီးပွားအတွက်ကိုပါ ရှေးရှုပြဋ္ဌာန်းထားသည်ဖြစ်၍ ရည်ရွယ်ချက်တိုင်းကို အောင်မြင်အောင်မျက်ခြည်မပြတ် ကြိုးပမ်းဆောင်ရွက်နေကြရမည်ဖြစ်ကြောင်း။

အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်တည်ဆောက်ရေး အမျိုးသားရေးတာဝန်ကို ဦးလည်မသုန်ထမ်းဆောင်ကြမည့် မိမိတို့အသင်းဝင်များသည် စိတ်ဓာတ်၊ စည်းကမ်း၊ ကြံ့ခိုင်၊ စည်းလုံးဆိုသည့် ဆောင်ပုဒ်အတိုင်း စိတ်ဓာတ်ကောင်းမွန်မှု၊ စည်းကမ်းလိုက်နာမှု၊ ခိုင်မြဲသောကြံ့ခိုင်မှု၊ စွမ်းရည်ရှိမှု၊ စည်းလုံးညီညွတ်မှုများနှင့် ပေးအပ်သည့်တာဝန်မှန်သမျှကျေပွန်အောင်ထမ်းဆောင်ရင်းဖြင့် ယုံကြည်ချက်၊ ခံယူချက် မြင့်မားသူများ၊ ဘက်စုံအရည်အချင်းပြည့်ဝသူများဖြစ်ရန် အစဉ်ကြိုးပမ်း လေ့ကျင့်နေကြရမည်ဖြစ်ကြောင်း။

အမျိုးသားရေးအင်အားစုကြီး

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးသည် မိမိတို့နိုင်ငံတော်ကြီးအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေးနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးဆောင်ရွက်မှုများပြည့်စုံသည့် နိုင်ငံတော်ကြီးကို ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘက်စုံကဏ္ဍစုံတည်ဆောက်ရေး ဆောင်ရွက်မှုများနှင့်အတူ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရေးတွင် ကျရာအခန်းကဏ္ဍကပါဝင်သယ်ပိုးဆောင်ရွက်ကြမည့် စုစည်းညီညွတ်သည့် အမျိုးသားရေး အင်အားစုကြီးတစ်ရပ်ဖြစ်ကြောင်း၊ ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ပန်ဆင်ပြီး နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဦးတည်ချက်များ အောင်မြင်ရေးအတွက် နိုင်ငံတော်အစိုးရ၏ မှန်ကန်သော ဦးဆောင်မှုခံယူပြီး နိုးကြားတက်ကြွစွာဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ အသင်းကြီး၏ စီမံရေး၊ စည်းရုံးရေး၊ စီးပွားရေး၊ လေ့ကျင့်ရေးကိစ္စရပ်များကို အရှိန်အဟုန်ဖြင့် လှုပ်ရှားဆောင်ရွက်ရာ၌ ပြည်သူ့အကျိုးစီးပွားကို ဦးစားပေးဆောင်ရွက်နိုင်ခဲ့၍ အသင်းကြီး၏ မှန်ကန်မွန်မြတ်သော ရပ်တည်ချက်၊ ရည်ရွယ်ချက် လုပ်ငန်းစဉ်များသည် လူငယ်ထုအတွင်း၊ ပြည်သူလူထုအတွင်းစိမ့်ဝင်ပျံ့နှံ့ပြီး ပူးပေါင်းဆောင်ရွက်လာခြင်းကြောင့် လူတန်းစားအလွှာစုံ၊ နယ်ပယ်စုံ၊ ကဏ္ဍစုံက အသင်းဝင်အင်အားသည် များစွာတိုးတက်လာပြီဖြစ်ကြောင်း။

အသင်းဝင်များအရေးအတွက်ရော အရည်အချင်းပါပြည့်ဝအောင် ဗဟိုနှင့် အသင်းအဆင့်ဆင့်က သင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများ ဖွင့်လှစ်ပေးပြီး ယုံကြည်ချက်၊ ခံယူချက်၊ အတွေးအခေါ်အယူအဆ၊ လုပ်နည်းကိုင်နည်းများ တစ်ပြေးညီ တိုးတက်မြင့်မားလာအောင် လေ့ကျင့်ပေးနေခြင်းဖြစ်ကြောင်း။

ဦးတည်လေ့ကျင့်

အသင်းနာယကကြီး၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက အမှုဆောင်များ အဆင့်မြင့်စီမံခန့်ခွဲရေးသင်တန်း အမှတ်စဉ်(၆) သင်တန်းဆင်းပွဲမှာ-

"အသင်းဝင်လူငယ်များကို လေ့ကျင့်ပျိုးထောင်ရာမှာ အဓိကအပိုင်းနှစ်ပိုင်းကို ဖွံ့ဖြိုးတိုးတက်အောင် မျှော်မှန်းဆောင်ရွက်ရမှာဖြစ်ကြောင်း၊ ပထမပိုင်း မြန်မာ့လူ့အဖွဲ့အစည်းကို ချစ်မြတ်နိုးမှု၊ တစ်မျိုးသားလုံးရဲ့ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုဆိုင်ရာ ပိုင်ဆိုင်မှုတန်ဖိုးများကို အလေးထားမှု၊ တရားဥပဒေနဲ့ ရပ်ရွာစည်းကမ်းများကိုလိုက်နာမှု စတဲ့ခံယူမှုအပိုင်းနဲ့၊ ဒုတိယပိုင်း တာဝန်သိစိတ်ဓာတ်အတွက် မိမိနိုင်ငံကိုချစ်မြတ်နိုးမှု၊ အမျိုးသားစရိုက်လက္ခဏာနဲ့ အမျိုးသားရေးတာဝန်ကို သိရှိစေမှု၊ မျိုးချစ်စိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ်ရှိမှု၊ အမိနိုင်ငံကို ကာကွယ်လိုမှု၊ မိမိနိုင်ငံဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်လိုတဲ့စိတ်ဓာတ်ရှိမှုများကို ဦးတည်လေ့ကျင့်ပေးရမည်"

ဟု လမ်းညွှန်မိန့်ကြားထားခဲ့ကြောင်း။

အသင်းဝင်များကို အသင်းကြီးက အသိပညာ၊ အတတ်ပညာ၊ ဗဟုသုတ၊ အတွေးအခေါ်စသည့် အရည်အချင်းကောင်းများ လေ့ကျင့်ပျိုးထောင်ပေးနေခြင်းသည် မိမိတို့နိုင်ငံတော်ကြီးကို တိုးတက်သည်ထက်တိုးတက်အောင်၊ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီးဖြစ်အောင် တည်ဆောက်နိုင်ရန်နှင့် ကာကွယ်စောင့်ရှောက်နိုင်ရန်ဖြစ်ကြောင်း၊ စိတ်ပိုင်းဆိုင်ရာဖွံ့ဖြိုးတိုးတက်မှုနှင့် ရုပ်ဝတ္ထုပိုင်းအခြေအနေများ ဖွံ့ဖြိုးတိုးတက်မှုသည် သဟဇာတရှိရှိ အပြန်အလှန်အားဖြင့် အကျိုးပြုဖွံ့ဖြိုးတိုးတက်နေမှလည်း နိုင်ငံတော်ကြီးသည် ကမ္ဘာတည်သရွေ့ အဓွန့်ရှည်တည်တံ့ခိုင်မြဲပြီး တိုင်းရင်းသားပြည်သူများ၏ လူမှုဘဝသည်လည်း ပြည့်စုံနေမည်ဖြစ်ကြောင်း။

ဒေသစည်းရုံးရေး

နယ်မြေဒေသဖွံ့ဖြိုးရေးနှင့် ဒေသစည်းရုံးရေးသည် တစ်ဆက်တစ်စပ်တည်းဖြစ်သည့်အတွက် ဒေသဖွံ့ဖြိုးတိုးတက်ရေးကိုဆောင်ရွက်ရင်း ဒေသစည်းရုံးရေးကို ဆောင်ရွက်သွားရမှာဖြစ်ကြောင်း၊ ဒေသခံပြည်သူများ၏ လူနေမှုဘဝတိုးတက်ကြီးပွားရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို စိတ်ရင်းစေတနာမှန်မှန်ဖြင့် လက်တွေ့လုပ်ကိုင်ခြင်းအားဖြင့် ပြည်သူများက လက်ခံယုံကြည်လာပြီး ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များအပေါ်၌ ကိုယ်ပိုင်အသိတရားနှင့် ထောက်ခံအားပေးမှုများ ရရှိလာမည်ဖြစ်ကြောင်း၊ မိမိတို့၏ ဒေသခံပြည်သူများကို အလေးထားဂရုပြုစိတ်ပါဝင်စားစွာဖြင့် လေ့လာပြီး ၎င်းတို့၏ လိုအင်ဆန္ဒ အခက်အခဲများကို ကူညီဖြေရှင်းပေးခြင်းဖြင့် ရင်းနှီးယုံကြည်အားကိုးမှုများ ရရှိလာမည်ဖြစ်ကြောင်း၊ စည်းရုံးမှုဖြင့်အောင်မြင်ရေး၊ အောင်မြင်မှုဖြင့် စည်းရုံးရေးဆိုသည့်အတိုင်း လက်တွေ့အကျိုးပြုလုပ်ငန်းများကို အတူပူးပေါင်းဆောင်ရွက်ရင်း၊ ရရှိလာသည့်တိုးတက်ဖြစ်ထွန်းအောင်မြင်မှုအခြေခံကောင်းများကို ခံစားသိမြင်ရင်းဒေသခံပြည်သူများကို မှန်ကန်စွာစည်းရုံးဦးဆောင် လှုပ်ရှားဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရ၏ မှန်ကန်သောဦးဆောင်မှုအောက်တွင် မိမိတို့အသင်းကြီးသည် တိုင်းရင်းသားပြည်သူများ၏ စုစည်းညီညွတ်သည့်အားဖြင့် ချမှတ်ထားသည့် ဦးတည်ချက်၊ ရည်မှန်းချက်များအောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့၍ ယနေ့နိုင်ငံတော်ကြီးသည် ဖွံ့ဖြိုးတိုးတက်မှုလမ်းကြောင်းမှန်ပေါ်ကို ရောက်ရှိနေပြီး အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီးအဖြစ် တည်ဆောက်ရေးအတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်ကို ချမှတ်ပြီး ခိုင်ခိုင်မာမာ ခံယူကျင့်သုံးဆောင်ရွက်နေကြောင်း၊ အသင်းကြီးကလည်း နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်အောင်မြင်ရေးအတွက် ပြည်ထောင်စုစိတ်ဓာတ်အပြည့်အဝဖြင့် ကျရာအခန်းကဏ္ဍက တက်တက်ကြွကြွ အင်တိုက်အားတိုက် အမျိုးသားရေးတာဝန်အဖြစ် ခံယူကျင့်သုံး အကောင်အထည်ဖော်ဆောင်ရွက်ရန် အတိအလင်းထုတ်ဖော်ပြီး ခိုင်ခိုင်မာမာ ရပ်တည်ဆောင်ရွက်နေသည်ကို အားရကျေနပ်ဖွယ်ရာ ပီပီပြင်ပြင်တွေ့မြင်နေရကြောင်း။

မီဒီယာထိုးစစ်

နိုင်ငံတော်နှင့် အသင်းကြီးသည် ပြည်သူများ၏ စုစည်းညီညွတ်သည့်အားဖြင့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးအဖြစ် အကောင်အထည်ဖော် ဆောင်ရွက်နေသည်များကို ပြည်တွင်းပြည်ပအဖျက်သမား၊ မီဒီယာများက နိုင်ငံတော်နှင့်အသင်းကြီးအပေါ် မဟုတ်မမှန် ဝေဖန်ရေးသားနေမှုများ၊ ပြောဆိုနေမှုများ၊ ကောလာဟလ ထုတ်လွှင့်နေမှုများကို ပြည်သူအချို့က အမှန်နှင့်အမှား၊ မခွဲခြားနိုင်ဘဲ သံသယဝင်သွားသည်မျိုး အနည်းအကျဉ်းရှိနိုင်ကြောင်း၊ ယနေ့ခေတ် မီဒီယာထိုးစစ်များကို ဘက်ပေါင်းစုံက တန်ပြန်ထိုးစစ်ဆင်နိုင်ရေးအတွက် အသင်းကြီး၏ သတင်းနှင့်ပြန်ကြားရေးလုပ်ငန်းကို စနစ်တကျ ခိုင်ခိုင်မာမာထူထောင်ပြီး အသင်းဝင်များအတွင်းနှင့် တိုင်းရင်းသားပြည်သူများအတွင်း ထိရောက်ကျယ်ပြန့်စွာ ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အတွင်း ဖြစ်ပေါ်တိုးတက်ပြောင်းလဲမှုများနှင့် အပြည်ပြည်ဆိုင်ရာကဏ္ဍများကိုလည်း ဆက်လက်ဆည်းပူးလေ့လာပြီး စည်းရုံးရေးလုပ်ငန်း၊ ပြန်ကြားရေးလုပ်ငန်းများကို ထက်မြက်သွက်လက်စွာ ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

သင်တန်းသားများအနေဖြင့် အခြေအနေအရပ်ရပ်ကို နားလည်သဘောပေါက်ပြီး မိမိတို့၏ အရည်အချင်းတိုးတက်မြင့်မားလာစေရန်၊ လူကောင်းလူတော်များဖြစ်အောင် အခွင့်အရေးရချိန်၌ သင်တန်းကချမှတ်ထားသည့် စည်းကမ်းများကို လိုက်နာပြီး အကောင်းဆုံးကြိုးစားလေ့လာမှတ်သားကြရန်နှင့် သင်တန်းကရရှိလာမည့် အသိပညာများ၊ အတတ်ပညာများကိုလည်း လက်တွေ့နယ်ပယ်၌ အကျိုးရှိရှိအသုံးပြုနိုင်အောင် လေ့ကျင့်ရေးကို မပြတ်လုပ်ဆောင်ကြရန်၊ ကျရာတာဝန်ကို အောင်မြင်အောင် ဆောင်ရွက်သွားကြပါဟု တိုက်တွန်းပြောကြားသွားသည်။

သင်တန်းဖွင့်ပွဲအခမ်းအနားအပြီးတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးသည် သင်တန်းသား၊ သင်တန်းသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

၅၂ ဦးတက်ရောက်

အဆိုပါ အခြေခံသတင်းစာပညာသင်တန်း အမှတ်စဉ်(၁)သို့ ပြည်နယ်နှင့်တိုင်းများမှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် သင်တန်းသား၊ သင်တန်းသူ စုစုပေါင်း ၅၂ ဦးတို့တက်ရောက်ကြပြီး သင်တန်းကာလမှာ ယနေ့မှ ဩဂုတ် ၂၅ရက်အထိ ရက်သတ္တကိုးပတ်ကြာမြင့်မည်ဖြစ်သည်။

(သတင်းစဉ်)

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ညီလာခံ (၂၀၀၅) ကို ဂုဏ်ပြု

နိုင်ငံတော်အတွက် ဦးလည်မသုန် ပြည်သူတို့အတွက် ဦးဆွေးဆံမြည့်

မောင် ပြည် သား

ကမ္ဘာမှာ တစ်နိုင်ငံနှင့်တစ်နိုင်ငံ စစ်ဖြစ်ရသော အကြောင်းရင်းများစွာရှိသည်။ ယင်းတို့တွင် စီးပွားရေးစစ်ပွဲ၊ နိုင်ငံရေးစစ်ပွဲများလည်းပါဝင်သည်။ ဤစစ်ပွဲများသည် ကမ္ဘာသူ၊ ကမ္ဘာသားပြည်သူများကို ထိခိုက်နစ်နာဆင်းရဲမွဲတေစေပြီး ဝမ်းနည်းကြေကွဲမှုနှင့် အဆုံးသတ်စေသည့် မကောင်းဆိုးရွားစစ်ပွဲများသာ ဖြစ်သည်။

ထိုသို့ အကြောင်းကြောင်းကိုထောက်ပြီး ကမ္ဘာ့နိုင်ငံအသီးသီးတွင် မိမိတို့နိုင်ငံကို တိုင်းတစ်ပါးမှ ကျူးကျော်စော်ကားမှုမပြုလာနိုင်အောင် တစ်နည်းအားဖြင့် မိမိတို့၏ ပြည်တွင်း၊ ပြည်ပရန်ကို တွန်းလှန်နိုင်ရန် လက်နက်ကိုင်အင်အားစုများကို မဖြစ်မနေ ဖွဲ့စည်းထူထောင်ကြရသည်။

ပြည်ထောင်စု မြန်မာနိုင်ငံတော်ကို ပြည်တွင်းရန်၊ ပြည်ပရန်မှ ကာကွယ်နိုင်ရန် ခေတ်မီလက်နက်ကိုင်အင်အားစုဖြစ်သည့် တပ်မတော်ကို ဖွဲ့စည်းထူထောင်ထားပြီးဖြစ်သည်။ ထိုနည်းတူ အခြားအခြားသောနိုင်ငံများမှာလည်း ခေတ်နှင့်လျော်ညီသော စစ်တပ်အင်အား၊ လက်နက်ခဲယမ်းထုတ်လုပ်မှုများ၊ လက်နက်ခဲယမ်း ဝယ်ယူရောင်းချမှုများကို မျက်ခြည်မပြတ် ဆောင်ရွက်နေကြသည်။ အလွန်ဖျက်အား ပြင်းထန်သော လက်နက်ခဲယမ်းမျိုးစုံတို့ဖြင့် ကမ္ဘာကြီးကို ခြိမ်းခြောက်နေသည့် နိုင်ငံများပင်ရှိနေလေပြီ။

> **မြန်မာ့လွတ်လပ်ရေးကို ပြည်သူတို့နှင့်အတူ ရယူပေးခဲ့သော တပ်မတော်သည် သူ့ကျွန်ဘဝမှ လွတ်မြောက်ပြီးသည့် နောက်ပိုင်းတွင်လည်း တိုင်းပြည်၌ အရေးကြုံလာတိုင်း ပြည်သူတို့၏ရှေ့မှ မားမားမတ်မတ် ရပ်တည်ကာ တိုင်းပြည်၏ အန္တရာယ်အသွယ်သွယ် တိုက်ဖျက်ဖယ်ရှားပေးနိုင်ခဲ့။**

အမှန်မှာလည်း နိုင်ငံတစ်နိုင်ငံအတွက် လက်နက်ကိုင်အင်အားစုဟူသည် မရှိမဖြစ်သည့် အင်အားမျိုးဖြစ်သည်။ သို့သော် သူတစ်ပါးကို စော်ကားမော်ကားပြုလုပ်ရန် ဖွဲ့စည်းထူထောင်ခြင်းမျိုးကား မဖြစ်သင့်ပေ။

မြန်မာနိုင်ငံ၏ ကာကွယ်ရေးအင်အားစုဖြစ်သည့် တပ်မတော်ကို ကြည့်လျှင် အမိနိုင်ငံတော်နှင့် ပြည်သူတို့၏ လိုအပ်ချက်အရ အချိန်အခါနှင့်ညီညွတ်စွာ ဖြစ်ထွန်းသန္ဓေတည်ပေါက်ဖွား ပေါ်ပေါက်လာရသော တိုင်းချစ် ပြည်ချစ် အမျိုးသားကာကွယ်ရေး တပ်မတော်သာဖြစ်ကြောင်း သမိုင်းတွင်ထင်ရှားခဲ့ပေသည်။

ပြန်ပြောင်းကြည့်လျှင် မြန်မာနိုင်ငံသည် လွန်ခဲ့သည့် နှစ်ပရိစ္ဆေဒရှည်ကြာစွာကပင် ကိုယ့်မင်းကိုယ့်ချင်း၊ ကိုယ့်ထီးကိုယ့်နန်း၊ ကိုယ့်ကြငှန်းဖြင့် လွတ်လပ်စွာရပ်တည်လာသည့် နိုင်ငံတစ်နိုင်ငံဖြစ်သည်။

ဗြိတိသျှနယ်ချဲ့တို့က တော၊ တောင်၊ ရေ၊ မြေ သဘာဝ အနေအထားကောင်းမွန်ပြီး ဆန်ရေစပါး၊ သယံဇာတပေါကြွယ်ဝသည့် မြန်မာနိုင်ငံကို နယ်ချဲ့စစ်ပွဲ သုံးကြိမ်ဖြင့် ကျူးကျော်တိုက်ခိုက်သိမ်းပိုက်ခဲ့သည်။ ပြည်တွင်းသစ္စာဖောက် အလိုတော်ရိများနှင့်ပေါင်းပြီး ၁၈၈၆ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့တွင် မြန်မာနိုင်ငံအား ဗြိတိသျှအင်ပါယာအောက်သို့ သွတ်သွင်းကာ ကျွန်ပြုခဲ့ကြသည်။ မြန်မာနိုင်ငံသူ၊ နိုင်ငံသားတို့၏ဘဝ လူလုံးမလှအောင် သွေးစုပ်ခြယ်လှယ်ခဲ့ကြသည်။ သုံးသပ်ကြည့်လျှင် ကိုယ့်မင်းကိုယ့်ချင်းဟု ဆိုရငြားလည်း ကိုယ်ပိုင်တပ်မရှိ၊ စစ်ရေးစစ်ရာမကြွယ်ဝမှု၊ စည်းရုံးရေးအင်အားနည်းမှု၊ စစ်လက်နက်ချင်းမယှဉ်နိုင်မှု၊ ခေါင်းဆောင်အရည်အသွေးညံ့မှုတို့ကြောင့် ကိုယ့်နိုင်ငံကို တစ်ပါးသူ လက်သို့ ဝကွက်အပ်ခဲ့ရသည့်သဘောရှိသည်ဟု မြင်ရပေမည်။

ပြည်ထောင်စုဖွား တိုင်းရင်းသားပြည်သူများသည် ဆုံးရှုံးသွားခဲ့သော နိုင်ငံတော်၏ လွတ်လပ်ရေး ပြန်လည်ရရှိရန်အတွက် သူ့ကျွန်မခံတိုက်ပွဲများကို ဆက်တိုက်ဆင်နွှဲခဲ့ကြသည်။ စည်းကမ်း စနစ်တကျဖြင့် ဖွဲ့စည်းထားသော၊ အင်အား ခိုင်မာတောင့်တင်းသည့် ကိုယ်ပိုင်တပ်မတော်မရှိသဖြင့် နယ်ချဲ့ခုခံရေးတိုက်ပွဲများ အရှိန်အဟုန် လျော့ကျခဲ့ရသော်လည်း ဗမာ့လက်ရုံးတပ်ဖွဲ့များ၊ သံမဏိတပ်၊ အပျော်တမ်း ရဲတပ်ဖွဲ့စသည်တို့ ဖွဲ့စည်းပြီး စစ်သွေးစစ်မာန် ထက်သန်သည့် မျိုးချစ်အင်အားစုများ ထွန်းကား ပြန့်ပွားလာအောင် ကြိုးစားခဲ့သည်။ အခြေမလှ၍ ကျွန်ဘဝသို့ ရောက်နေသော်လည်း တစ်နေ့ တစ်ချိန် တစ်ခါတွင် မြန်မာ့တပ်မတော် အင်အားစုကြီး ပေါ်ပေါက်လာပြီး မြန်မာတို့အား ကျွန်ဘဝမှ ကယ်တင်လိမ့်မည်ဟူသော ယုံကြည်ချက်များလည်း အပြည့်အဝထားခဲ့ကြသည်။

ထိုအခါသမယက ဗမာ့လက်ရုံးတပ်ဖွဲ့၏ ရဲရဲတောက် တို့မြန်မာပြည်စစ်ချီသီချင်းကို သီဆို၍ အမျိုးသားရေးအသွင်သဏ္ဌာန်ဖြင့် လှုပ်ရှားခဲ့ခြင်းသည် ယနေ့တပ်မတော်၏ ဗီဇအမှန်ပင်ဖြစ်သည်။

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်း အဖွဲ့ ညီလာခံ(၂၀၀၅)ကဏ္ဍအလိုက် နီးနှော ဖလှယ်ပွဲ အစုအဖွဲ့ အမှတ်(၄) လူမှုရေးနှင့် သက်သာချောင်ချိရေး ကဏ္ဍနှင့် စပ်လျဉ်း၍လုပ်ငန်းဆောင် ရွက်ချက်များကိုမန္တလေးတိုင်းချမ်းမြ သာစည်မြို့နယ် စစ်မှုထမ်းဟောင်း အဖွဲ့ စည်းရုံးရေးကော်မတီဥက္ကဋ္ဌ ဗိုလ်ကြီးခင်အောင် (အငြိမ်းစား) ဆွေးနွေးတင်ပြစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်း အဖွဲ့ ညီလာခံ(၂၀၀၅)ကဏ္ဍအလိုက် နီးနှောဖလှယ်ပွဲ အစုအဖွဲ့ အမှတ်(၄) လူမှုရေးနှင့် သက်သာချောင်ချိရေး ကဏ္ဍနှင့်စပ်လျဉ်း၍ လုပ်ငန်းဆောင် ရွက်ချက်များကို မွန်ပြည်နယ် မုဒုံမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ စည်းရုံးရေးကော်မတီဥက္ကဋ္ဌ ဗိုလ်ကြီး ဖုန်းလွင်(အငြိမ်းစား) ဆွေးနွေး တင်ပြစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ညီလာခံ(၂၀၀၅) ကဏ္ဍအလိုက် နီးနှောဖလှယ်ပွဲ အစုအဖွဲ့ အမှတ်(၄) လူမှုရေးနှင့် သက်သာချောင်ချိရေး ကဏ္ဍနှင့်စပ်လျဉ်း၍လုပ်ငန်းဆောင် ရွက်ချက်များကို ရခိုင်ပြည်နယ် တောင်ကုတ်မြို့နယ် စစ်မှုထမ်း ဟောင်းအဖွဲ့ စည်းရုံးရေးကော်မတီ ဥက္ကဋ္ဌဗိုလ်မှူးသိန်းစိုးနိုင်(အငြိမ်းစား) ဆွေးနွေးတင်ပြစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ညီလာခံ(၂၀၀၅) ကဏ္ဍအလိုက် နီးနှောဖလှယ်ပွဲ အစုအဖွဲ့ အမှတ်(၄) လူမှုရေးနှင့် သက်သာချောင်ချိရေး ကဏ္ဍနှင့်စပ်လျဉ်း၍ လုပ်ငန်းဆောင် ရွက်ချက်များကို ရန်ကုန်တိုင်း လှည်းကူးမြို့နယ် စစ်မှုထမ်းဟောင်း အဖွဲ့ စည်းရုံးရေးကော်မတီဥက္ကဋ္ဌ ဗိုလ်ကြီးအေးမြင့် (အငြိမ်းစား) ဆွေးနွေးတင်ပြစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ညီလာခံ(၂၀၀၅) ကဏ္ဍအလိုက် နီးနှောဖလှယ်ပွဲ အစုအဖွဲ့ အမှတ်(၄) လူမှုရေးနှင့် သက်သာချောင်ချိရေး ကဏ္ဍနှင့်စပ်လျဉ်း၍ လုပ်ငန်းဆောင် ရွက်ချက်များကို ရှမ်းပြည်နယ် (တောင်ပိုင်း) လင်းခေးမြို့နယ် စစ်မှု ထမ်းဟောင်းအဖွဲ့ စည်းရုံးရေး ကော်မတီဥက္ကဋ္ဌ ဒုတိယအရာခံဗိုလ် သန်းညွန့်(အငြိမ်းစား) ဆွေးနွေး တင်ပြစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ညီလာခံ(၂၀၀၅) ကဏ္ဍအလိုက် နီးနှောဖလှယ်ပွဲ အစုအဖွဲ့ အမှတ်(၄) လူမှုရေးနှင့် သက်သာချောင်ချိရေး ကဏ္ဍနှင့်စပ်လျဉ်း၍ လုပ်ငန်းဆောင် ရွက်ချက်များကို ရှမ်းပြည်နယ် (မြောက်ပိုင်း)ကွမ်းလုံခရိုင် စစ်မှုထမ်း ဟောင်း ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးဖေကြိုင် ဆွေးနွေး တင်ပြစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ညီလာခံ(၂၀၀၅) ကဏ္ဍအလိုက် နီးနှောဖလှယ်ပွဲ အစုအဖွဲ့ အမှတ်(၄) လူမှုရေးနှင့် သက်သာချောင်ချိရေး ကဏ္ဍနှင့်စပ်လျဉ်း၍ လုပ်ငန်းဆောင် ရွက်ချက်များကို ရှမ်းပြည်နယ်(အရှေ့ ပိုင်း) ကျိုင်းတုံမြို့နယ် စစ်မှုထမ်း ဟောင်းအဖွဲ့ စည်းရုံးရေးကော်မတီ ဥက္ကဋ္ဌ ဗိုလ်မှူးခင်ကျော်(အငြိမ်းစား) ဆွေးနွေးတင်ပြစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ညီလာခံ(၂၀၀၅) ကဏ္ဍအလိုက် နီးနှောဖလှယ်ပွဲ အစုအဖွဲ့ အမှတ်(၄) လူမှုရေးနှင့် သက်သာချောင်ချိရေး ကဏ္ဍနှင့်စပ်လျဉ်း၍ လုပ်ငန်းဆောင် ရွက်ချက်များကို ဧရာဝတီတိုင်း ဖျာပုံမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ စည်းရုံးရေးကော်မတီဥက္ကဋ္ဌ ဗိုလ်ကြီး သက်ပိုင် (အငြိမ်းစား) ဆွေးနွေး တင်ပြစဉ်။ (သတင်းစဉ်)

✧ စာမျက်နှာ ၉ မှ

"လူမှုရေးနှင့် သက်သာချောင်ချိရေးကဏ္ဍ" နှီးနှောဖလှယ်ပွဲကို နံနက် ၁၁နာရီ ၁၀မိနစ်တွင် ရုပ်သိမ်းလိုက်သည်။

ပြည်သူ့အကျိုးပြုလုပ်ငန်း

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ညီလာခံ(၂၀၀၅) ကဏ္ဍအလိုက် နှီးနှောဖလှယ်ပွဲ အစုအဖွဲ့အမှတ်(၅)**"ပြည်သူ့အကျိုးပြုလုပ်ငန်းကဏ္ဍ"**နှီးနှောဖလှယ်ပွဲကို အရာရှိတည်းခိုဆောင် မြေညီထပ်၌ ကျင်းပရာ သဘာပတိအဖြစ် မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေး ကော်မတီဝင် ဗိုလ်မှူးကြီး သိန်းညွန့်က ဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေး ကော်မတီဝင်များဖြစ်ကြသည့် ဗိုလ်မှူးချုပ် ဖုန်းဇော်ဟန်၊ ဗိုလ်မှူးကြီးမောင်ပါ၊ ဗိုလ်မှူးချုပ်မျိုးမြင့်နှင့် ဗိုလ်မှူးကြီးမျိုးမြင့် (အငြိမ်းစား)တို့က ဆောင်ရွက်ကြပြီး အခမ်းအနားမှူးအဖြစ် မန္တလေးတိုင်း ညောင်ဦးမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ စည်းရုံးရေးကော်မတီဥက္ကဋ္ဌ ဗိုလ်ကြီးအောင်မြင့် (အငြိမ်းစား)နှင့် တွဲဖက်အခမ်းအနားမှူးအဖြစ် မန္တလေးတိုင်းမိတ္ထီလာမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ စည်းရုံးရေးကော်မတီဥက္ကဋ္ဌ ဗိုလ်ကြီးဝင်းမင်းသန်း (အငြိမ်းစား)တို့က ဆောင်ရွက်ကြသည်။ ရှေးဦးစွာ အခမ်းအနားမှူးက**"ပြည်သူ့ အကျိုးပြုလုပ်ငန်းကဏ္ဍ"** နှီးနှောဖလှယ်ပွဲသို့ တက်ရောက်ခွင့်ရှိသည့် ကိုယ်စားလှယ် ၆၉ဦးရှိပြီး ရာခိုင်နှုန်းပြည့် တက်ရောက်သဖြင့် နှီးနှောဖလှယ်ပွဲအထမြောက်ကြောင်းနှင့် သဘာပတိ၏ ခွင့်ပြုချက်အရ နှီးနှောဖလှယ်ပွဲ စတင်ကျင်းပကြောင်းကြေညာသည်။ ရှေးဦးစွာ သဘာပတိ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီဝင် ဗိုလ်မှူးကြီးသိန်းညွန့်က အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ညီလာခံ(၂၀၀၅) ကဏ္ဍအလိုက် နှီးနှောဖလှယ်ပွဲ အစုအဖွဲ့ အမှတ်(၅)**"ပြည်သူ့အကျိုးပြုလုပ်ငန်းကဏ္ဍ"**နှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်နယ်နှင့်တိုင်းများမှ စစ်မှုထမ်းဟောင်းအဖွဲ့ ကိုယ်စားလှယ်များက ဆွေးနွေးတင်ပြကြရာ ကချင်ပြည်နယ် မိုးကောင်းမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ စည်းရုံးရေးကော်မတီဥက္ကဋ္ဌ ဗိုလ်ကြီးတင်ဌေး(အငြိမ်းစား)၊ ကယားပြည်နယ် ဖားဆောင်းမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ စည်းရုံးရေးကော်မတီ ဥက္ကဋ္ဌ တပ်ကြပ်သိန်းမြင့်(အငြိမ်းစား)၊ ကရင်ပြည်နယ် မြဝတီခရိုင် စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌဗိုလ်ကြီးတင်မြင့်(အငြိမ်းစား)၊ ချင်းပြည်နယ် မင်းတပ်မြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ စည်းရုံးရေးကော်မတီ အတွင်းရေးမှူး တပ်သား နန်လော (အငြိမ်းစား)၊ စစ်ကိုင်းတိုင်း ရွှေဘိုမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ စည်းရုံးရေးကော်မတီ ဥက္ကဋ္ဌ ဗိုလ်မှူးအောင်မင်း(အငြိမ်းစား)၊ တနင်္သာရီတိုင်း မြိတ်ခရိုင် စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့-အဖွဲ့ဝင် ဒုတိယဗိုလ်မှူးကြီးသိန်းစိုး(အငြိမ်းစား)၊ ပဲခူးတိုင်း (အနောက်ပိုင်း)ရွှေတောင်မြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ စည်းရုံးရေးကော်မတီဥက္ကဋ္ဌဗိုလ်ကြီးအောင်နေဆန်း(အငြိမ်းစား)၊ ပဲခူးတိုင်း (အရှေ့ပိုင်း) ရေတာရှည်မြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ စည်းရုံးရေး ကော်မတီဥက္ကဋ္ဌ ဗိုလ်ကြီးသောင်းထွန်း(အငြိမ်းစား)နှင့် မကွေးတိုင်း ချောက်မြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ စည်းရုံးရေးကော်မတီဥက္ကဋ္ဌ ဗိုလ်မှူးစိုးသန်း(အငြိမ်းစား)တို့က ဆွေးနွေးတင်ပြကြသည်။

ဆက်လက်၍ မန္တလေးတိုင်း မဟာအောင်မြေမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ စည်းရုံးရေးကော်မတီ ဥက္ကဋ္ဌ

စာမျက်နှာ ၁၂ ကော်လံ ၁ သို့ ❀

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ညီလာခံ(၂၀၀၅) ကဏ္ဍအလိုက် နှီးနှောဖလှယ်ပွဲအစုအဖွဲ့အမှတ်(၅) ပြည်သူ့ အကျိုးပြုလုပ်ငန်း ကဏ္ဍနှင့် စပ်လျဉ်း၍ လုပ်ငန်းဆောင်ရွက်ချက်များကို ကချင်ပြည်နယ် မိုးကောင်းမြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့စည်းရုံးရေးကော်မတီဥက္ကဋ္ဌဗိုလ်ကြီးတင်ဌေး (အငြိမ်းစား) ဆွေးနွေးတင်ပြစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ညီလာခံ(၂၀၀၅) ကဏ္ဍအလိုက် နှီးနှောဖလှယ်ပွဲ အစုအဖွဲ့အမှတ်(၅) ပြည်သူ့အကျိုးပြု လုပ်ငန်းကဏ္ဍနှင့် စပ်လျဉ်း၍ လုပ်ငန်းဆောင်ရွက်ချက်များကို ကယားပြည်နယ် ဖားဆောင်းမြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့စည်းရုံးရေးကော်မတီဥက္ကဋ္ဌ တပ်ကြပ်သိန်းမြင့်(အငြိမ်းစား) ဆွေးနွေးတင်ပြစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ညီလာခံ(၂၀၀၅) ကဏ္ဍအလိုက် နှီးနှောဖလှယ်ပွဲအစုအဖွဲ့အမှတ်(၅) ပြည်သူ့အကျိုးပြုလုပ်ငန်း ကဏ္ဍနှင့် စပ်လျဉ်း၍ လုပ်ငန်းဆောင်ရွက်ချက်များကို ကရင်ပြည်နယ် မြဝတီခရိုင် စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဗိုလ်ကြီး တင်မြင့်(အငြိမ်းစား) ဆွေးနွေးတင်ပြစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ညီလာခံ(၂၀၀၅) ကဏ္ဍအလိုက် နှီးနှောဖလှယ်ပွဲ အစုအဖွဲ့အမှတ်(၅) ပြည်သူ့အကျိုးပြု လုပ်ငန်းကဏ္ဍနှင့် စပ်လျဉ်း၍ လုပ်ငန်းဆောင်ရွက်ချက်များကို ချင်းပြည်နယ် မင်းတပ်မြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ စည်းရုံးရေးကော်မတီ အတွင်းရေးမှူး တပ်သား နန်လော(အငြိမ်းစား) ဆွေးနွေးတင်ပြစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ညီလာခံ(၂၀၀၅) ကဏ္ဍအလိုက် နှီးနှောဖလှယ်ပွဲ အစုအဖွဲ့အမှတ်(၅) ပြည်သူ့အကျိုးပြုလုပ်ငန်းကဏ္ဍနှင့် စပ်လျဉ်း၍ လုပ်ငန်းဆောင်ရွက်ချက်များကို စစ်ကိုင်းတိုင်း ရွှေဘိုမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ စည်းရုံးရေးကော်မတီဥက္ကဋ္ဌ ဗိုလ်မှူးအောင်မင်း (အငြိမ်းစား) ဆွေးနွေးတင်ပြစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ညီလာခံ(၂၀၀၅) ကဏ္ဍအလိုက် နှီးနှောဖလှယ်ပွဲ အစုအဖွဲ့အမှတ်(၅) ပြည်သူ့အကျိုးပြု လုပ်ငန်းကဏ္ဍနှင့် စပ်လျဉ်း၍ လုပ်ငန်းဆောင်ရွက်ချက်များကို တနင်္သာရီတိုင်း မြိတ်ခရိုင် စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့- အဖွဲ့ဝင် ဒုတိယဗိုလ်မှူးကြီး သိန်းစိုး (အငြိမ်းစား) ဆွေးနွေးတင်ပြစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ညီလာခံ(၂၀၀၅) ကဏ္ဍအလိုက် နှီးနှောဖလှယ်ပွဲ အစုအဖွဲ့အမှတ်(၅) ပြည်သူ့အကျိုးပြုလုပ်ငန်းကဏ္ဍနှင့် စပ်လျဉ်း၍ လုပ်ငန်းဆောင်ရွက်ချက်များကို ပဲခူးတိုင်း(အနောက်ပိုင်း) ရွှေတောင်မြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ စည်းရုံးရေးကော်မတီဥက္ကဋ္ဌ ဗိုလ်ကြီးအောင်နေဆန်း(အငြိမ်းစား) ဆွေးနွေးတင်ပြစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ညီလာခံ(၂၀၀၅) ကဏ္ဍအလိုက် နှီးနှောဖလှယ်ပွဲ အစုအဖွဲ့အမှတ်(၅) ပြည်သူ့အကျိုးပြုလုပ်ငန်းကဏ္ဍနှင့် စပ်လျဉ်း၍ လုပ်ငန်းဆောင်ရွက်ချက်များကို ပဲခူးတိုင်း(အရှေ့ပိုင်း)ရေတာရှည်မြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ စည်းရုံးရေးကော်မတီဥက္ကဋ္ဌ ဗိုလ်ကြီး သောင်းထွန်း (အငြိမ်းစား) ဆွေးနွေးတင်ပြစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ညီလာခံ(၂၀၀၅) ကဏ္ဍအလိုက် နှီးနှောဖလှယ်ပွဲ အစုအဖွဲ့အမှတ်(၅) ပြည်သူ့အကျိုးပြု လုပ်ငန်းကဏ္ဍနှင့် စပ်လျဉ်း၍ လုပ်ငန်းဆောင်ရွက်ချက်များကို မကွေးတိုင်း ချောက်မြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ စည်းရုံးရေး ကော်မတီဥက္ကဋ္ဌ ဗိုလ်မှူးစိုးသန်း (အငြိမ်းစား) ဆွေးနွေးတင်ပြစဉ်။ (သတင်းစဉ်)



မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ညီလာခံ(၂၀၀၅)ကဏ္ဍအလိုက် နှီးနှောဖလှယ်ပွဲအစုအဖွဲ့အမှတ်(၅) ပြည်သူ့ အကျိုးပြုလုပ်ငန်းကဏ္ဍနှင့် စပ်လျဉ်း၍ လုပ်ငန်းဆောင်ရွက်ချက်များကိုမန္တလေးတိုင်းမဟာအောင်မြေမြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့စည်းရုံးရေးကော်မတီဥက္ကဋ္ဌဗိုလ်ကြီး မြင့်ဆွေ (အငြိမ်းစား) ဆွေးနွေးတင်ပြစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ညီလာခံ(၂၀၀၅) ကဏ္ဍအလိုက် နှီးနှောဖလှယ်ပွဲအစုအဖွဲ့အမှတ်(၅) ပြည်သူ့အကျိုးပြု လုပ်ငန်းကဏ္ဍနှင့် စပ်လျဉ်း၍ လုပ်ငန်းဆောင်ရွက်ချက်များကို မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ စည်းရုံးရေးကော်မတီဥက္ကဋ္ဌ ဗိုလ်ကြီး တင်မောင်သန်း (အငြိမ်းစား) ဆွေးနွေးတင်ပြစဉ်။ (သတင်းစဉ်)



မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ညီလာခံ(၂၀၀၅) ကဏ္ဍအလိုက် နှီးနှောဖလှယ်ပွဲအစုအဖွဲ့အမှတ်(၅) ပြည်သူ့အကျိုးပြုလုပ်ငန်း ကဏ္ဍနှင့် စပ်လျဉ်း၍ လုပ်ငန်းဆောင်ရွက်ချက်များကို ရခိုင်ပြည်နယ် စစ်တွေမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ စည်းရုံးရေး ကော်မတီဥက္ကဋ္ဌ ဗိုလ်ကြီးမြစိုး (အငြိမ်းစား) ဆွေးနွေးတင်ပြစဉ်။ (သတင်းစဉ်)



မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ညီလာခံ(၂၀၀၅) ကဏ္ဍအလိုက် နှီးနှောဖလှယ်ပွဲအစုအဖွဲ့အမှတ်(၅) ပြည်သူ့အကျိုးပြု လုပ်ငန်းကဏ္ဍနှင့် စပ်လျဉ်း၍ လုပ်ငန်းဆောင်ရွက်ချက်များကို ရန်ကုန်တိုင်း လမ်းမတော်မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့စည်းရုံးရေးကော်မတီဥက္ကဋ္ဌ ဗိုလ်မှူးမောင်ဝင်း (အငြိမ်းစား) ဆွေးနွေးတင်ပြစဉ်။ (သတင်းစဉ်)



မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ညီလာခံ(၂၀၀၅) ကဏ္ဍအလိုက် နှီးနှောဖလှယ်ပွဲအစုအဖွဲ့အမှတ်(၅) ပြည်သူ့ အကျိုးပြုလုပ်ငန်းကဏ္ဍနှင့် စပ်လျဉ်း၍ လုပ်ငန်းဆောင်ရွက်ချက်များကို ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ စည်းရုံးရေးကော်မတီအတွင်းရေးမှူး ဒုတိယအရာခံဗိုလ်သာဟန်(အငြိမ်းစား)ဆွေးနွေးတင်ပြစဉ်။(သတင်းစဉ်)



မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ညီလာခံ(၂၀၀၅) ကဏ္ဍအလိုက် နှီးနှောဖလှယ်ပွဲအစုအဖွဲ့အမှတ်(၅) ပြည်သူ့အကျိုးပြုလုပ်ငန်း ကဏ္ဍနှင့် စပ်လျဉ်း၍ လုပ်ငန်းဆောင်ရွက်ချက်များကို ရှမ်းပြည်နယ်(မြောက်ပိုင်း) လောက်ကိုင်ခရိုင် စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒုတိယ ဗိုလ်မှူးကြီး ခင်ဇော် ဆွေးနွေးတင်ပြစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ညီလာခံ(၂၀၀၅) ကဏ္ဍအလိုက် နှီးနှောဖလှယ်ပွဲ အစုအဖွဲ့အမှတ်(၅) ပြည်သူ့အကျိုးပြုလုပ်ငန်းကဏ္ဍနှင့် စပ်လျဉ်း၍ လုပ်ငန်းဆောင်ရွက်ချက်များကို ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဖြတ်ခရိုင် စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒုတိယ ဗိုလ်မှူးကြီးမျိုးညွန့် ဆွေးနွေးတင်ပြစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ညီလာခံ(၂၀၀၅) ကဏ္ဍအလိုက် နှီးနှောဖလှယ်ပွဲ အစုအဖွဲ့အမှတ်(၅) ပြည်သူ့အကျိုးပြု လုပ်ငန်းကဏ္ဍနှင့် စပ်လျဉ်း၍ လုပ်ငန်းဆောင်ရွက်ချက်များကို ဧရာဝတီတိုင်း ဘိုကလေးမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ စည်းရုံးရေးကော်မတီဥက္ကဋ္ဌ ဗိုလ်ကြီး တင့်လွင်ဦး(အငြိမ်းစား) ဆွေးနွေးတင်ပြစဉ်။ (သတင်းစဉ်)

စွမ်းအင်ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ သန်လျင်ရေနံချက်စက်ရုံ ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇွန် ၂၈

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီသည် တာဝန်ရှိသူများ လိုက်ပါလျက် ယမန်နေ့မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်း သန်လျင်မြို့နယ်ရှိ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း အမှတ်(၁) ရေနံချက်စက်ရုံ (သန်လျင်)သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ ဝန်ကြီးသည် သန်လျင်ရေနံချက်စက်ရုံရှိ MHI ဘွိုင်လာလည်ပတ်နေမှုအခြေအနေကို ကြည့်ရှုစစ်ဆေးရာ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးကျော်ရှိန်၊ စက်ရုံမှူး ဦးခင်မောင်ရွှေနှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသသည်။ ဆက်လက်၍ ဝန်ကြီးသည် ကတ္တရာသိုလှောင်ကန်အမှတ် M-8သို့ ရောက်ရှိပြီး ကတ္တရာသိုလှောင်ထားရှိမှု အခြေအနေ၊ ကတ္တရာစည်သွတ်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုနှင့် ဖြန့်ဖြူးမှုလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

စွမ်းအားပြည့်လည်ပတ်

ထို့နောက် ဝန်ကြီးသည် သန်လျင်ရေနံချက်စက်ရုံ အစည်းအဝေးခန်းမ၌ ဝန်ထမ်းများနှင့်တွေ့ဆုံပြီး ဝန်ထမ်းများ အဂတိလိုက်စားမှုကင်းရှင်းရေး၊ နိုင်ငံတော်ပိုင်ပစ္စည်းများ လေလွင့်ဆုံးရှုံးမှုမရှိစေရေးနှင့် စက်ရုံစွမ်းအားပြည့် လည်ပတ်နိုင်ရေးအတွက် မိမိတို့ ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ ကြိုးစားဆောင်ရွက်သွားကြရန် မှာကြားပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။ (သတင်းစဉ်)

❁ စာမျက်နှာ ၁၁ မှ

ဗိုလ်ကြီးမြင့်ဆွေ(အငြိမ်းစား)၊မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ စည်းရုံးရေးကော်မတီဥက္ကဋ္ဌ ဗိုလ်ကြီးတင်မောင်သန်း (အငြိမ်းစား)၊ ရခိုင်ပြည်နယ် စစ်တွေမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ စည်းရုံးရေးကော်မတီ ဥက္ကဋ္ဌ ဗိုလ်ကြီးမြစိုး (အငြိမ်းစား)၊ ရန်ကုန်တိုင်း လမ်းမတော်မြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ စည်းရုံးရေးကော်မတီ ဥက္ကဋ္ဌ ဗိုလ်မှူးမောင်ဝင်း(အငြိမ်းစား)၊ ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ စည်းရုံးရေးကော်မတီ အတွင်းရေးမှူး ဒုတိယအရာခံဗိုလ်သာဟန်(အငြိမ်းစား)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) လောက်ကိုင်ခရိုင် စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးခင်ဇော်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဖြတ်ခရိုင် စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမျိုးညွန့်နှင့် ဧရာဝတီတိုင်း ဘိုကလေးမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ စည်းရုံးရေးကော်မတီ ဥက္ကဋ္ဌ ဗိုလ်ကြီးတင့်လွင်ဦး(အငြိမ်းစား) တို့ကဆွေးနွေးတင်ပြကြပြီး သဘာပတိက နိဂုံးချုပ်အမှာစကားပြောကြားကာ **"ပြည်သူ့အကျိုးပြု လုပ်ငန်းကဏ္ဍ"** နှီးနှောဖလှယ်ပွဲကို နံနက်ပိုင်းတွင် ရုပ်သိမ်းလိုက်သည်။

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ညီလာခံ(၂၀၀၅)တတိယနေ့ အစီအစဉ်များကို ဇွန် ၂၉ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။

(သတင်းစဉ်)

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ ရန်ကုန်တိုင်း သန်လျင်မြို့နယ် မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း အမှတ်(၁) ရေနံချက်စက်ရုံ(သန်လျင်)ရှိ MHIဘွိုင်လာလည်ပတ်နေမှုလုပ်ငန်းများအခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။ (စွမ်းအင်)

သစ်အခြေခံစက်မှုလုပ်ငန်းများနှင့် သစ်တောစိုက်ခင်းများ ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇွန် ၂၈

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် ဇွန် ၂၆ရက်တွင် မန္တလေးမြို့ အမှတ်(၁)စက်မှုဇုန်ရှိ Jewellery Luck Co., Ltd. **၏ သစ်အခြေခံစက်ရုံသို့ရောက်ရှိရာ ဧည့်ခန်းမ၌ တာဝန်ခံ ဦးနေလင်းထက်က အင်ကြင်းသစ်ပါးလွှာများ ထုတ်လုပ်မှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး ဝန်ကြီးသည် သစ်ပါးလွှာစက်များဖြင့် ထုတ်လုပ်မှုအခြေအနေများကို လည်းကောင်း၊ သစ်ပါးလွှာများနှင့် အထပ်သားများကို ပြည်ပပို့ရန် ပြင်ဆင်ထားရှိမှုအခြေအနေများကို လည်းကောင်း ကြည့်ရှုစစ်ဆေးသည်။**

အဆိုပါစက်ရုံမှ ထုတ်လုပ်သော သစ်ပါးလွှာများကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ အိန္ဒိယသမ္မတနိုင်ငံနှင့် ကိုရီးယားသမ္မတနိုင်ငံဈေးကွက်များသို့ တင်ပို့လျက်ရှိသည်။

ထိုမှတစ်ဆင့် ဝန်ကြီးသည် HI-TECH Forest Industries Co., Ltd.၏ သစ်အခြေခံစက်ရုံသို့ ရောက်ရှိရာ စက်ရုံဧည့်ခန်းမ၌ တာဝန်ခံ ဦးကျော်ကျော်က စက်ရုံ၏ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ဝန်ကြီးနှင့်အဖွဲ့သည် ပါကေးများ ထုတ်လုပ်မှုနှင့် ထုပ်ပိုးမှုအခြေအနေများကို လည်းကောင်း၊ နမူနာပစ္စည်းများ ခင်းကျင်းပြသထားမှုကိုလည်းကောင်း၊ ပရိဘောဂအစိတ်အပိုင်းများထုတ်လုပ်မှု၊ တပ်ဆင်မှုနှင့် ကြမ်းခင်းပြားထုတ်လုပ်မှုလုပ်ငန်းများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးကြသည်။ အဆိုပါစက်ရုံမှ ထုတ်လုပ်သော ပစ္စည်းများကို အီတလီ၊ ဂျပန်၊ ထိုင်းနှင့် ကိုရီးယားသမ္မတနိုင်ငံဈေးကွက်များသို့ တင်ပို့လျက်ရှိသည်။

ထိုမှတစ်ဆင့် ဝန်ကြီးနှင့်အဖွဲ့သည် စစ်ကိုင်းမြို့နယ် ထန်းမြင့်ကျေးရွာအနီးရှိ တောင်တန်းစိုက်ခင်း မင်းဝံတောင်တန်းဧက ၃၀၀စိုက်ခင်းသို့ရောက်ရှိပြီး ၂၀၀၅ ခုနှစ် ဆီနီဂေါရှား စိုက်ပျိုးထားရှိမှုကို ကြည့်ရှုစစ်ဆေးရာ ညွှန်ကြားရေးမှူးချုပ် ဦးထွန်းထွန်းနှင့် စိုက်ခင်းတာဝန်ခံများက ရှင်းလင်းပြသကြသည်။ ဝန်ကြီးက စိုက်ခင်းလုပ်ငန်းစဉ်များ စနစ်တကျဆောင်ရွက်သွားရန်မှာကြားကာ လိုအပ်သည်များကို ဆောင်ရွက်ပေးသည်။

ဆက်လက်၍ စစ်ကိုင်းမြို့ ပတ္တမြားစက်မှုဇုန်ရှိ တံခွန် သစ်အခြေခံစက်မှုအလုပ်ရုံနှင့် မန္တလေးစက်မှုဇုန် အမှတ်(၁)ရှိ ဝင်းမာလာအောင် သစ်အချောထည်စက်ရုံသို့လည်းကောင်း၊ Focus သစ်အခြေခံစက်ရုံသို့ လည်းကောင်း၊ ရွှေချိန်း သစ်အချောထည်စက်ရုံသို့ လည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဝန်ကြီးသည် သစ်အခြေခံ စက်မှုလုပ်ငန်းရှင်များအနေဖြင့် ပြည်ပဈေးကွက်သို့ တိုက်ရိုက်တင်ပို့ရောင်းချသွားနိုင်ရေး၊ ပစ္စည်းအမယ်သစ်များ တီထွင်ကြံဆထုတ်လုပ်ရေး၊ ထုတ်လုပ်ပြီး ပစ္စည်းများ အရည်အသွေးပြည့်မီရေးတို့ကို ရှင်းလင်းမှာကြားပြီး တင်ပြချက်များနှင့် စပ်လျဉ်း၍ လိုအပ်သည်များကို စီမံဆောင်ရွက်ပေးသည်။

(သတင်းစဉ်)

ဝါဆိုသင်္ကန်းဆက်ကပ်မည်

ရန်ကုန် ဇွန် ၂၈

မြန်မာနိုင်ငံ တစ်ဝန်းလုံးရှိ ထေရဝါဒ ဗုဒ္ဓသာသနာပြု ဆရာတော်များအား မြန်မာနိုင်ငံ တောင်တန်းဒေသ ဗုဒ္ဓဘာသာ သာသနာပြုအဖွဲ့၏ (၃၉)ကြိမ်မြောက် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကြားတောရလမ်း အမှတ် (၁၄/ခ)ရှိ အဏ္ဏဝါဓမ္မာရုံ၌ ဇူလိုင် ၁၀ ရက် (တနင်္ဂနွေနေ့) နံနက် ၇ နာရီတွင် ကျင်းပမည်ဖြစ်ရာ အလှူရှင်များနှင့် အဏ္ဏဝါမိသားစုများ ကြွရောက်ကြပါရန် ဖိတ်ကြားထားသည်။ (က-ပ)

ဝိပဿနာတရားပွဲ

ရန်ကုန် ဇွန် ၂၈

ကျေးဇူးရှင် လယ်တီဆရာတော်ကြီး၏ တပည့် အနာဂါမ် ဆရာသက်ကြီး၏ မူလကျင့်စဉ်နှင့်အညီ သမထ ဝိပဿနာတရားတော်များကို ဓမ္မရသရိပ်သာမှ ကမ္မဋ္ဌာန်းနည်းပြဆရာကြီး မဟာသဒ္ဓမ္မဇောတိကဓဇ ဦးသန်းရွှေ (ဒလ-အုံကြီး)က ဇူလိုင် ၁ရက်မှ ၇ရက်အထိ ညနေ ၆နာရီခွဲမှ ၈နာရီအထိ ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦး စေတီတော် ဆိပ်ကမ်းလုပ်သားပေါင်းစုံ ဓမ္မာရုံတွင်လည်းကောင်း၊ ဇူလိုင်(ဝါဆို) တရားစခန်းပွဲကို ဇူလိုင်၁၉ရက် ညနေမှ ၂၇ရက် နံနက်အထိ ဓမ္မရသရိပ်သာ (အုံ့ကြီးအရှေ့)တွင် လည်းကောင်း ကျင်းပမည်ဖြစ်ကြောင်းသိရသည်။

(၂၃)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂၉-၆-၂၀၀၅ (ဗုဒ္ဓဟူးနေ့)

၁၃၆၇-ခုနှစ်၊ နယုန်လပြည့်ကျော်(၈)ရက် (ဥပုသ်နေ့)

နံနက်ပိုင်း

၇:၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**

၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့

၇:၃၀ ၃။ နံနက်ခင်းသတင်း

၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး

၇:၅၀ ၅။ မြူးမြူးကြွကြွယဉ်ကျေးမှုအက

၈:၀၅ ၆။ အရေးပြိုင်ပွဲ

၈:၁၅ ၇။ ဗိုလ်မြတ်ထွန်းတံတား

၈:၃၀ ၈။ International News.

၈:၄၅ ၉။ Let' sGo

၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး

၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ

၄:၃၀ ၃။ Demonstration Exercises for Correct Pronunciation.

၄:၄၅ ၄။ တေးဂီတအစီအစဉ်

၅:၀၀ ၅။ **အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ - တတိယနှစ် (ဓာတုဗေဒ အထူးပြု) (ဓာတုဗေဒ)**

၅:၁၅ ၆။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ

၅:၃၀ ၇။ အဆိုပြိုင်ပွဲ

၅:၄၀ ၈။ လက်ဆင့်ကမ်းအမွေ (ရုပ်သေး)

၅:၅၀ ၉။ သီချင်းကြီးပဒေသာ

၆:၀၅ ၁၀။ ကြံ့ခိုင်ကျန်းမာပြည်မြန်မာ

၆:၁၅ ၁၁။ ရှုဖွယ်စုံလင် အာဆီယံအစီအစဉ်

၆:၂၅ ၁၂။ Discovery.

၆:၃၀ ၁၃။ ညနေခင်းသတင်း

၇:၀၀ ၁၄။ မိုးလေဝသအခြေအနေ

၇:၀၅ ၁၅။ **"ထာဝစဉ်နုလှ မြန်မာ့ဂီတ" အရေးဘာသာရပ်ဆွေးနွေးခန်း (အပိုင်း-၂)**

၇:၂၅ ၁၆။ ဒေသဝမ်းစာဖူလုံဖို့ ဆင်းရွှေလီစပါးစိုက်ကြစို့ (အပိုင်း-၁)

၇:၄၀ ၁၇။ တန်ဖိုးရှိလှ လူငယ်ဘဝ မူးယစ်ကင်းစင်ကျန်းမာမှ (အပိုင်း-၁)

၈:၀၀ ၁၈။ ပြည်တွင်းသတင်း

၁၉။ နိုင်ငံတကာသတင်းများ

၂၀။ မိုးလေဝသအခြေအနေ

၂၁။ **"မြန်မာအမျိုးသမီးများနေ့ ဂုဏ်ပြုအငြိမ့်" ရန်ကုန်တိုင်းစစ်ဌာနချုပ် ရွှေလမင်းအငြိမ့် (မင်းသမီး-ခိုင်သဇင်သင်း၊ ဝါဝါခိုင်) (လူရွှင်တော်- ဇရာ၊ ကျော်ထူး၊ မန်းဝင်း၊ ခင်လှိုင်)**

၂၂။ **မင်းကွန်းဆရာတော်ကြီး ဦးဝိစိတ္တသာရာဘိဝံသ၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာပွားများခြင်း တရားတော်**

၂၃။ နောက်တစ်နေ့အစီအစဉ်

၂၄။ အစီအစဉ်ပြီး၏။

ကွန်ဖက်ဒရေးရှင်းဖလား ဘောလုံးဗိုလ်လုပွဲ တောင်အမေရိကပြိုင်ဘက်နှစ်သင်းတွေ့

ဖရန့်ဖတ် ဇွန် ၂၈

ဂျာမနီနိုင်ငံ ဖရန့်ဖတ်မြို့၌ ကြာသပတေးနေ့တွင်ကျင်းပမည့် ကွန်ဖက်ဒရေးရှင်းဖလား ဗိုလ်လုပွဲတွင် တောင်အမေရိကတိုက်၏ ထိပ်တန်းပြိုင်ဘက်နှစ်သင်းဖြစ်သော ဘရာဇီးအသင်းနှင့် အာဂျင်တီးနားအသင်းတို့ အကြိတ်အနယ်ယှဉ်ပြိုင်ကစားကြရမည်ဖြစ်သည်။

ကွန်ဖက်ဒရေးရှင်းဖလား ဗိုလ်လုပွဲတွင် ယှဉ်ပြိုင်ကစားရမည့် ဘရာဇီးအသင်းနှင့် အာဂျင်တီးနားအသင်းတို့ ဥရောပမြေတွင် တွေ့ဆုံခြင်းသည် စတုတ္ထအကြိမ်ဖြစ်သည်။ အဆိုပါ အသင်းနှစ်သင်းသည် ၁၉၇၄ ခုနှစ်၊ ၁၉၈၂ ခုနှစ်နှင့် ၁၉၉၀ ပြည့်နှစ်တို့တွင် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ၌ တွေ့ဆုံခဲ့ကြပြီးဖြစ်သည်။

ဘရာဇီးနှင့် အာဂျင်တီးနားအသင်းတို့သည် ၉၂ကြိမ်တိုင်တိုင် ယှဉ်ပြိုင်ကစားခဲ့ကြဖူးသည်။ ယင်းသို့ကစားရာတွင် အာဂျင်တီးနားအသင်းက ၃၇ပွဲနိုင်၊ ၂၂ပွဲသရေ၊ ၃၃ပွဲရှုံးဖြစ်ခဲ့ကြောင်း ဘရာဇီးဘောလုံးအဖွဲ့ချုပ်က ထုတ်ပြန်သော စာရင်းအင်းမှတ်တမ်းတွင် ဖော်ပြသည်။

ဇွန် ၈ ရက်က ကျင်းပခဲ့သည့် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ ခြေစစ်ပွဲအဖြစ် ယှဉ်ပြိုင်ကစားခဲ့ရာတွင် အရှုံးပေါ်ခဲ့သော ဘရာဇီးအသင်းသည် ကွန်ဖက်ဒရေးရှင်းဖလား ဗိုလ်လုပွဲတွင် အာဂျင်တီးနားအသင်းကို ပြန်လည်လက်စားချေရန် အားခဲထားပေမည်။ ယင်းပွဲတွင် အာဂျင်တီးနားအသင်းက သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ တတိယနေရာလုပွဲအဖြစ် ဂျာမနီအသင်းနှင့် မက္ကဆီကိုအသင်းတို့ ဂျာမနီနိုင်ငံအရှေ့ပိုင်း လိုက်ပဇစ်မြို့တွင် ဗုဒ္ဓဟူးနေ့၌ ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

ရိုက်တာ။

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၉-၆-၂၀၀၅ (ဗုဒ္ဓဟူးနေ့)

၇:၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇:၀၅	တေးဂီတအစီအစဉ်
၇:၁၀	မြန်မာနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ချုပ်၏ နယ်လှည့်ပိုက်ကျော်ခြင်းစွမ်းရည်ပြပွဲအကြောင်း
၇:၂၀	တေးဂီတအစီအစဉ်
၇:၂၅	မြန်မာ့ရိုးရာခြင်းလုံးခတ်ပြိုင်ပွဲ
၇:၅၀	ပြည်တွင်းသတင်းအကျဉ်း
၇:၅၅	တေးဂီတအစီအစဉ်
၈:၀၀	ခြံတွင်းဥယျာဉ်စိုက်ပျိုးမှုအနုပညာ
၈:၁၀	နိုင်ငံတကာသတင်းအကျဉ်း
၈:၁၅	တေးဂီတအစီအစဉ်
၈:၂၀	Davids Cup တင်းနစ်ပြိုင်ပွဲ
၉:၁၀	ပြည်တွင်းသတင်းအကျဉ်း
၉:၁၅	ယဉ်ကျေးမှုတက္ကသိုလ်(သဘင်ပညာဌာန)
၉:၂၅	တေးဂီတအစီအစဉ်
၉:၃၀	မိုးလေဝသခန့်မှန်းချက်
၉:၃၅	ဂီတဆည်းဆာ တေးသံသာ
၁၀:၂၀	နိုင်ငံတကာသတင်းအကျဉ်း
၁၀:၂၅	မေးကြည့်ဖြေကြည့်ပဟေဠိ
၁၀:၅၀	ဘိုင်းဒါးတံတား
၁၀:၅၅	တေးဂီတအစီအစဉ်
၁၁:၀၀	MRTV-4 အပိတ် Logo

အထက်ပါ (၄)နာရီစာ အစီအစဉ်များကို ည ၂၃:၀၀နာရီအထိ (၄) ကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

* ၂၀၀၅ခုနှစ်မှ

အဆိုပါရတနာကုန်သည်များသည် ယနေ့နံနက် ၉နာရီမှ ညနေ ၅နာရီအထိ ၂၀၀၅ခုနှစ် ကျောက်စိမ်း၊ ကျောက်မျက် အထူးရောင်းချပွဲ၌ ခင်းကျင်းပြသထားသော ကျောက်မျက်ရတနာများကို လေ့လာကြည့်ရှုကြရာ မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီအတွင်းရေးမှူး၊ မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းဆွေနှင့် သက်ဆိုင်ရာဆပ်ကော်မတီအတွင်းရေးမှူးများက လိုက်လံရှင်းလင်းပြသကြပြီး လိုအပ်သည်များကို ကူညီပံ့ပိုးဆောင်ရွက်ပေးကြသည်။

ပိုမိုစိတ်ဝင်စား

ယခုကျောက်စိမ်း၊ ကျောက်မျက်အထူးရောင်းချပွဲသို့ နိုင်ငံခြားတိုင်းပြည်အသီးသီးမှ ရတနာကုန်သည် စုစုပေါင်း ၆၀၀ ကျော် လာရောက်ဝယ်ယူကြမည်ဟု ခန့်မှန်းထားသည်။

အဆိုပါ အထူးရောင်းချပွဲတွင် ကျောက်မျက်ရတနာအတွဲပေါင်း ၂၂၁တွဲ၊ လက်ဝတ်ရတနာမျိုးစုံ ၁၀၀၃ ခု တင်ပြရောင်းချမည်ဖြစ်သည်။ ကျောက်စိမ်းအနေဖြင့် အတွဲပေါင်း ၂၄၀၈တွဲ တင်ပြရောင်းချသွားမည်ဖြစ်သည်။

ယခုကျင်းပသော ၂၀၀၅ ခုနှစ် ကျောက်စိမ်း၊ ကျောက်မျက် အထူးရောင်းချပွဲတွင် ခင်းကျင်းပြသထားသော ကျောက်စိမ်း၊ ကျောက်မျက်အတွဲများသည် ယခင်ပြပွဲများတွင် ခင်းကျင်းပြသခဲ့သည်ထက် အရည်အသွေး ပိုမိုကောင်းမွန်ခြင်း၊ အရေအတွက် ပိုမိုများပြားခြင်းတို့ကြောင့် ပြည်တွင်း၊ ပြည်ပမှ ရတနာကုန်သည်များ ပိုမိုစိတ်ဝင်စားကြပြီး အများအပြား လာရောက်ကြမည်ဖြစ်သည်။ ယနေ့မှ ဇွန် ၃၀ရက်အထိ ပြည်တွင်း၊ပြည်ပ ရတနာကုန်သည်များ ထပ်မံရောက်ရှိကြဦးမည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် ကျောက်မျက်ရတနာပြပွဲများ တစ်နှစ်ထက်တစ်နှစ် တိုးတက်မှုများရရှိလာခြင်းမှာ နိုင်ငံတော်နှင့် ပုဂ္ဂလိကကုမ္ပဏီများ အကျိုးတူပူးပေါင်းပြီး ကျောက်မျက်ရတနာ တူးဖော်ခြင်းလုပ်ငန်းများကို ဆောင်ရွက်နိုင်ခြင်း၊ သက်ဆိုင်ရာဒေသ အာဏာပိုင်များက ဝိုင်းဝန်းကူညီ ပံ့ပိုးဆောင်ရွက်ပေးခြင်းနှင့် နယ်မြေဒေသများ တည်ငြိမ်အေးချမ်းသာယာလာခြင်းတို့ကြောင့် မြန်မာ့ကျောက်မျက်ရတနာလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ကာ နိုင်ငံတော်နှင့် ပုဂ္ဂလိကရတနာကုန်သည်များ ဝင်ငွေ ပိုမိုတိုးတက်ရရှိလာခြင်းဖြစ်သည်။ (သတင်းစဉ်)

မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီက ကြီးမှူးကျင်းပသည့် ၂၀၀၅ခုနှစ် ကျောက်စိမ်း၊ ကျောက်မျက် အထူးရောင်းချပွဲသို့ ပြည်တွင်း၊ ပြည်ပမှ ရတနာကုန်သည်များ လာရောက်ကြည့်ရှုကြစဉ်။

(သတင်းစဉ်)

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ စုဒ္ဒသမအစည်းအဝေးနှင့် (၂၅)နှစ်မြောက် ငွေရတုသဘင် ကျင်းပမည်

ရန်ကုန် ဇွန် ၂၈

ပဥ္စမအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ စုဒ္ဒသမအစည်းအဝေးကို ၁၃၆၇ ခုနှစ် ဝါဆိုလဆန်း ၈ရက် နှင့် ၉ ရက်၊ ဇူလိုင် ၁၃ရက်နှင့် ၁၄ရက် (ဗုဒ္ဓဟူးနေ့နှင့် ကြာသပတေးနေ့)တို့တွင် လည်းကောင်း၊ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ (၂၅)နှစ်မြောက် ငွေရတုသဘင် အခမ်းအနားကို ၁၃၆၇ခုနှစ် ဝါဆိုလဆန်း ၄ရက်၊ ဇူလိုင် ၉ရက် (စနေနေ့)တွင် လည်းကောင်း ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေ၌ ကျင်းပမည်ဖြစ်သည်။

နိုင်ငံတော် သံဃမဟာနာယကဆရာတော်ကြီးများနှင့် အခြားငွေရတုသဘင် ပင့်သံဃာများအား ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေ မဟာနာယကကျောင်းတော်ကြီးနှင့် ဥတ္တရကုရုကျောင်းဆောင်၊ အပရဂေါယာန ကျောင်းဆောင်များသို့ ၁၃၆၇ခုနှစ် ဝါဆိုလဆန်း ၃ရက်၊ ဇူလိုင် ၈ရက် (သောကြာနေ့) အရောက် ကြွရောက်တော်မူပါရန် ပင့်စာများဖြင့် ပင့်လျှောက်ထားပြီး ဖြစ်ပါကြောင်း၊ ယင်းပင့်စာများ အချိန်မီ မရောက်ရှိပါကလည်း အထက်ပါနေ့ရက်များတွင် အရောက်ကြွရောက်တော်မူကြပါရန် ပင့်လျှောက်ထားကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။ (သတင်းစဉ်)

အပင်အာဟာရ အပြည့်အဝရရှိရန် ပုလဲဓာတ်မြေဩဇာကို အကျိုးရှိရှိအသုံးပြုရေး နှိုးဆော်ချက်

၁။ ပုလဲဓာတ်မြေဩဇာသည် စနစ်တကျအသုံးမပြုပါက ပါဝင်သည့် အပင်အာဟာရနိုက်ထရိုဂျင်ဓာတ်(၆၀)မှ (၈၀)ရာခိုင်နှုန်းအထိ လေလွင့်ဆုံးရှုံးစေနိုင်ပါသည်။ ဆုံးရှုံးမှုကြောင့်စပါးတစ်ဧကလျှင် ပုလဲဓာတ်မြေဩဇာနှစ်အိတ်သုံးပါက (၅)ပုံ(၁) ပုံသာအပင်မှရရှိနိုင်ပါသည်။

၂။ ဆုံးရှုံးမှုသည် (၁) အမိုးနီးယမ်းအိုင်းယွန်း(NH_4^+)အဖြစ် စီးဆင်းရေနှင့်ပါသွားသည်။ (၂) အမိုးနီးယားဓာတ်ငွေ့ (NH_3)အဖြစ် လေထဲတွင်အငွေ့ပြန်ဆုံးရှုံးသွားသည်။(၃) နိုက်ထရိုဂျင်ဓာတ် (N_2) အဖြစ် လေထဲသို့ အငွေ့ပြန်သည်။ အပူချိန်နိမ့်သော နံနက်ပိုင်းတွင် စပါးခင်းများ မြေချဉ်ငန်ဓာတ် (PH_6) ဝန်းကျင်တွင်ရှိသော်လည်း နေ့လယ်ပိုင်းအပူချိန် မြင့်တက်လာပါကမြေအချဉ်ငန်ဓာတ်မှာ (PH_{11}) ထိ ရှိလာပြီး အမိုးနီးယားဓာတ်ငွေ့ (NH_3) အဖြစ်ပြောင်းလဲကာ ဆုံးရှုံးမှုများစေသည်။

၃။ သို့ဖြစ်ပါ၍ ပုလဲဓာတ်မြေဩဇာအကျိုးရှိရှိအသုံးပြုနိုင်ရန်အတွက် အောက်ပါအတိုင်း စနစ်တကျသုံးစွဲရန်နှိုးဆော်အပ်ပါသည်–

(က) စပါးပင်သက်တမ်းတစ်လျှောက်လုံးအတွက် တစ်ဧကလျှင် ပုလဲဓာတ်မြေဩဇာတစ်အိတ်နှင့် သဘာဝမြေဩဇာ(နွားချေး/မြေဆွေး/အမှိုက်ဆွေး/ဘိုကာရှီ) သုံးအိတ်သုံးစွဲပါ။

(ခ) သုံးစွဲမည့်ပုလဲဓာတ်မြေဩဇာနှင့် သဘာဝမြေဩဇာကို တစ်ကြိမ်တည်း မသုံးစွဲဘဲ စပါးပင်မှ နိုက်ထရိုဂျင်ဓာတ်လိုအပ်ချိန်များဖြစ်သည့် ကောက်ပင်လှန်ချိန်၊ ပင်ပွားအများဆုံးထွက်ချိန်၊ မှို့ကပ်ချိန် (သို့မဟုတ်)ရောင်စဉ်ကတ်ကိုသုံး၍ အပင်လိုအပ်ချိန်တွင် ထည့်သွင်းပါ။

(ဂ) တစ်ကြိမ်လျှင်ပုလဲဓာတ်မြေဩဇာတစ်အိတ်၏ သုံးပုံတစ်ပုံကို သဘာဝမြေဩဇာတစ်အိတ်နှင့်သမအောင်ရောပါ၊ ရောစပ်ရာတွင် အစိုဓာတ်မများလွန်းစေဘဲ သင့်တင့်သော အစိုဓာတ်သာရှိအောင် ဂရုပြု၍ အပေါ်မှ ပလတ်စတစ်၊ဂုန်နီအိတ်၊ဖျာ စသည်တို့ဖြင့် လုံခြုံစွာဖုံးအုပ်၍ တစ်ညနှပ်ထားပါ။

(ဃ) မိုးအုံ့ပါကနေ့လယ်ပိုင်းတွင်မြေဩဇာအရောကို ကြဲပက်နိုင်သော်လည်း နေပူပြင်းပါက နံနက်ပိုင်း(၇)နာရီမှ (၉)နာရီအတွင်းနှင့် ညနေ (၃)နာရီနောက်ပိုင်းမှ ကြဲပက်ပါ။

(င) မြေဩဇာအရောကို စပါးခင်းတွင် ကြဲပက်ထည့်ပြီးတိုင်း တမန်းပြင်အောက်သို့ရောက်ရှိရန် ခြေဖြင့်နင်းမြှုပ်၍သော် လည်းကောင်း၊ ပေါင်းလိုက် တမန်းနိုးကိရိယာ အသုံးပြု၍သော်လည်းကောင်း တမန်းအောက်ရောက်အောင်ဆောင်ရွက်ပေးခြင်းဖြင့် ပိုမိုထိရောက်နိုင်ပါသည်။

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

မြန်မာနိုင်ငံ အရှေ့ပိုင်းဒေသများတွင် မိုးလျော့နည်းမည်

ရန်ကုန် ဇွန် ၂၈

လွန်ခဲ့သော ၂၄နာရီအတွင်းက ကချင်ပြည်နယ်၊ ကယားပြည်နယ်နှင့် စစ်ကိုင်းတိုင်းအောက်ပိုင်းတို့တွင် နေရာကွက်ကျား၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ မကွေးတိုင်း၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကျဲကျဲနှင့် ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး ရခိုင်ပြည်နယ်တွင် ဒေသအလိုက်နှင့် တနင်္သာရီတိုင်းတွင် နေရာကွက်၍ မိုးကြီးခဲ့သည်။

ယနေ့ မြန်မာစံတော်ချိန် ၁၁း၃၀နာရီအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်းတွင် လေဖိအားနည်းရပ်ဝန်းတစ်ခုဖြစ်ပေါ်နေသည်။ ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေအားကောင်းနေသည်။

ဇွန် ၂၉ရက် ညနေအထိ ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းအောက်ပိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကွက်ကျား၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် မန္တလေးတိုင်းတို့တွင် နေရာကျဲကျဲနှင့် ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ရခိုင်ပြည်နယ်တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း (၈၀)ဖြစ်သည်။

ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ ထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံ အရှေ့ပိုင်းဒေသများတွင် မိုးလျော့နည်းမည်။

အာဆီယံ သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေး အလုပ်ရုံဆွေးနွေးပွဲကျင်းပ

ရန်ကုန် ဇွန် ၂၈

အာဆီယံ သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေးကော်မတီနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနတို့ ပူးပေါင်း၍ သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေးနှင့် အရေးပေါ်တုံ့ပြန်ရေးဆိုင်ရာ နှစ်ဖက်အကျိုးတူနှင့် အများအကျိုးတူ ပူးပေါင်းဆောင်ရွက်ရေးဒေသဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉နာရီတွင် ရန်ကုန်မြို့ရှိ ဆီဒိုးနားဟိုတယ်၌ ကျင်းပရာ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန်းဦး တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားကာ ဖွင့်လှစ်ပေးသည်။

တက်ရောက်

ယင်းအလုပ်ရုံဆွေးနွေးပွဲသို့ အာဆီယံအဖွဲ့ဝင်နိုင်ငံ ၁၀နိုင်ငံမှ ကိုယ်စားလှယ်များနှင့် အာဆီယံ အတွင်းရေးမှူးချုပ်ရုံး၊ ကုလသမဂ္ဂနှင့် အခြားပူးပေါင်းဆောင်ရွက်သည့် အဖွဲ့အစည်းများ၊ ဌာနများမှ ကိုယ်စားလှယ်များ စုစုပေါင်း ၄၂ဦးတို့ တက်ရောက်ကြသည်။ (သတင်းစဉ်)

နို့မှုန့်များ လှူဒါန်း

ရန်ကုန် ဇွန် ၂၈

တပ်မတော်သားဖွားမီးယပ်နှင့်ကလေးဆေးရုံ(ခုတင်–၃၀၀)ရှိ ကလေးငယ်များအတွက် ရန်ကုန်မြို့ ပြည်လမ်းရှိ Mo Asia Co, Ltd (Dumex) မှ ဒေါက်တာဗျူတီကြည်နှင့် အဖွဲ့က ငွေကျပ် ၃၂၀၀၀၀တန်ဖိုးရှိ နို့မှုန့်များကို မေ ၁၁ရက်တွင် လာရောက်လှူဒါန်းခဲ့ရာ တပ်မှူး ပါမောက္ခ ဒုတိယဗိုလ်မှူးကြီး ကျော်ညွှန့်က လက်ခံရယူပြီး ကျေးဇူးတင်စကားပြောကြားကာ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

အဆိုပါ လှူဒါန်းပွဲ အခမ်းအနားသို့ တပ်မှူး ပါမောက္ခ ဒုတိယဗိုလ်မှူးကြီး ကျော်ညွှန့်၊ ပါရဂူ/ဌာနမှူးများ၊ မှတ်ပုံတင်မှူး၊ အုပ်ချုပ်မှုအရာရှိများနှင့် သူနာပြု အရာရှိများ တက်ရောက်ကြသည်။ (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၉–၆–၂၀၀၅ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	အဖွင့်သီချင်း
၇း၁၀	၃။	မျိုးချစ်တပ်မတော်
၇း၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇း၄၀	၆။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၅	၇။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၀၀	၈။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၉။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၁၅	၁၀။	အပိတ်နှုတ်ဆက်စကား
၈း၁၆	၁၁။	ပြီးပါပြီ။

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၀	၃။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄း၁၅	၄။	လက်စွမ်းပြဟန်ဂီတသံ
၄း၂၀	၅။	ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄း၃၀	၆။	မျိုးချစ်တပ်မတော်
၄း၄၀	၇။	ကျန်းမာကြံ့ခိုင်ဒို့နိုင်ငံ
၄း၅၀	၈။	ရင်ခုန်စီးဆင်းအချစ်သီချင်း
၅း၀၀	၉။	**အဝေးသင်ပညာရေးပို့ချမှုအစီအစဉ် -Industrial/Organizational Psychology (တတိယနှစ်–စိတ်ပညာ)**
၅း၃၀	၁၀။	မြတ်နိုးကြစေအမျိုးသားအမွေ
၅း၄၅	၁၁။	သာယာသီကြွေးခေတ်ဆန်းတေး
၆း၀၀	၁၂။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၁၃။	နိုင်ငံတကာသတင်း
၆း၂၀	၁၄။	မိုးလေဝသသတင်း
၆း၂၅	၁၅။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆း၄၀	၁၆။	လျှပ်တစ်ပြက်ရိုက်ချက်
၇း၀၀	၁၇။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "လောကဓံအတွက် လက်သီး တစ်ချက်" (အပိုင်း–၇)**
၈း၀၀	၁၈။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၉။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၂၀။	ဗီစီဒီကျော်ကြားတေးများ
	၂၁။	ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
	၂၂။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "နှင်းနဂါးသိုင်း" (အပိုင်း–၃)**
	၂၃။	သင့်အတွက်မနက်ဖြန်
	၂၄။	အပိတ်နှုတ်ဆက်စကား
	၂၅။	ပြီးပါပြီ။

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ညီလာခံ(၂၀၀၅) ဒုတိယနေ့ ဆက်လက်ကျင်းပ

အမျိုးသားနိုင်ငံရေးရာကဏ္ဍ၊ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးရာကဏ္ဍ၊ စီးပွားရေးကဏ္ဍ၊ လူမှုရေးနှင့် သက်သာချောင်ချိရေးကဏ္ဍ၊ ပြည်သူ့အကျိုးပြုလုပ်ငန်းကဏ္ဍတို့နှင့် စပ်လျဉ်း၍ ပြည်နယ်နှင့်တိုင်းအလိုက် ဆောင်ရွက်ချက်များကို ကိုယ်စားလှယ်များက ဆွေးနွေးတင်ပြ

ရန်ကုန် ဇွန် ၂၈

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ညီလာခံ(၂၀၀၅) ဒုတိယနေ့အစီအစဉ်များကို ရန်ကုန်မြို့ ဘုရင့်နောင်လမ်းရှိ အမှတ်(၁) စစ်ကြောရေးနှင့် တည်းခိုရေးစခန်းရှိ သတ်မှတ်နေရာအသီးသီး၌ ကျင်းပရာ ပြည်နယ်နှင့်တိုင်းများမှ ကိုယ်စားလှယ်များက "အမျိုးသားနိုင်ငံရေးရာကဏ္ဍ"၊ "နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးရာကဏ္ဍ"၊ "စီးပွားရေးကဏ္ဍ"၊ "လူမှုရေးနှင့် သက်သာချောင်ချိရေးကဏ္ဍ"နှင့် "ပြည်သူ့အကျိုးပြုလုပ်ငန်းကဏ္ဍ"တို့နှင့် စပ်လျဉ်း၍ မိမိတို့ ပြည်နယ်နှင့်တိုင်းအလိုက် ဆောင်ရွက်ချက်များကို ဆွေးနွေးတင်ပြကြသည်။

စာမျက်နှာ ၇ ကော်လံ ၁ သို့ ✪

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ညီလာခံ(၂၀၀၅) ကဏ္ဍအလိုက် နှီးနှောဖလှယ်ပွဲ အစုအဖွဲ့အမှတ်(၁) အမျိုးသား နိုင်ငံရေးရာကဏ္ဍ နှီးနှောဖလှယ်ပွဲတွင် သဘာပတိ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီဝင် ဗိုလ်ချုပ်ခင်အောင်မြင့် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

ဆောင်းပါးအညွှန်း

▶ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များသည် မိမိတို့ အဖွဲ့အစည်း၏ ဂုဏ်သိက္ခာကိုထိန်းသိမ်းရင်း တပ်မတော်တွင် အမှုထမ်းစဉ်က ကဲ့သို့ သစ္စာလေးချက်ကိုဦးထိပ်ပန်ဆင်လျက် နိုင်ငံနှင့် ပြည်သူ့အကျိုးကိုဦးဆွေးဆံမြည့် ဆက်လက်ထမ်းဆောင်သွားကြမည်သာ ဖြစ်သည်။

မောင်ပြည်သား၏ **"နိုင်ငံတော်အတွက် ဦးလည်မသုန်၊ ပြည်သူတို့အတွက် ဦးဆွေးဆံမြည့်"** ဆောင်းပါး

(စာမျက်နှာ-၆)

မှတ်သားဖွယ်ရာ မိုးရေချိန်များ

ထားဝယ်	–	၅ ဒသမ ၃၁ လက်မ
မောင်တော	–	၅ ဒသမ ၁၂ လက်မ
ကျောက်တော်	–	၄ ဒသမ ၆၅ လက်မ
အမ်း	–	၂ ဒသမ ၂၈ လက်မ

၂၀၀၅ခုနှစ် ကျောက်စိမ်း၊ ကျောက်မျက် အထူးရောင်းချပွဲ စတင်ကျင်းပ

ယခင်ပြပွဲများထက် အရည်အသွေးပိုမိုကောင်းမွန်၊ အရေအတွက်ပိုမိုများပြား

ပြည်တွင်း၊ ပြည်ပမှ ရတနာကုန်သည် အများအပြား လာရောက်ကြမည်

ရန်ကုန် ဇွန် ၂၈

ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ မြန်မာ့ကျောက်မျက်ရတနာခန်းမ၌ မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီကကြီးမှူး၍ ယနေ့ စတင်ကျင်းပသည့် ၂၀၀၅ ခုနှစ် ကျောက်စိမ်း၊ ကျောက်မျက် အထူးရောင်းချပွဲသို့ ပြည်တွင်း၊ပြည်ပ ရတနာကုန်သည်များ လာရောက်လျက်ရှိရာ ယနေ့တွင် အထူးရောင်းချပွဲသို့ ပြည်ပနိုင်ငံ ခြောက်နိုင်ငံ၊ ရတနာကုမ္ပဏီ ၄၃ခုမှ ရတနာကုန်သည် ၁၆၂ ဦးနှင့် ပြည်တွင်းရှိ ရတနာကုမ္ပဏီ ၂၁၁ခုမှ နိုင်ငံသားရတနာကုန်သည် ၄၉၆ဦး စုစုပေါင်း ၆၅၈ ဦး လာရောက်ကြည့်ရှုကြသည်။

စာမျက်နှာ ၁၃ ကော်လံ ၁ သို့ *